မိတ်ဆွေရှုမိချို စာရေးဆရာ

# မင်းပြစ်မင်းဒဏ်

## ဗန်းမော်တင်အောင်

mgyoe.com

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

အချိန်၏
ဖိစီးညှဉ်းပန်းမှုကို သဘာဝအလျောက် ခံကြရသူများထက် အနှောင်အဖွဲ့
နှင့် ခံကြရသူများက ပိုမို၍ လေးလေးလံလံ၊ ပင်ပင်ပန်းပန်း ခံကြရသည်
မဟုတ်သလော။
ယင်းသို့ အရျုံးအကြပ် အနှောင်အဖွဲ့များနှင့် အချိန်၏ သုံ့ပန်း
ဘဝဖြင့် နှစ်ရှည်လများ ခံလာခဲ့ရသည့်အတွက် ကျွန်ုပ်သည် မည်သူ
တစ်ဦးတစ်ယောက် အပေါ်မှလည်း ယိုးမယ်မဖွဲ့။ မိမိ၏ ကြမ္မာကိုလည်း
အပြစ်တင် ညည်းတွားခြင်းပြုရန် မကြံရွယ်။ လူ့ခပ်သိမ်းတို့သည် မိမိ
စိုက်သော မျိုးစေ့များမှ ပေါက်လာသော အပင်တို့ကို ကိုယ့်ဟာကိုယ်
ရိတ်သိမ်းကြရရိုး ဖြစ်သည် မဟုတ်သလော။ ဘယ်သူမပြု မိမိမှုဆိုသော
စကားလည်း အရှိသား မဟုတ်လား။

bmt0004
2000.00 Ks

mgyoe.com

မင်းပြစ်မင်းဒဏ်၊ ဝန်းမော်တင်အောင်၊
အပြင်အဆင် - အမ်အက်စ်အို၊ စာမျက်နှာ ၂၃၆ မျက်နှာ၊ ၁၂.၈ စင်တီ x ၁၈.၅ စင်တီ

စာမူမူပိုင် - စာရေးသူ၏မိသားစု၊

ထုတ်ဝေသူ - ဦးစန်းညီ၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၅၊ ဩဂုတ်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း။ ၁၉၇၄ တိုင်းရင်းသားစာပေ၏ပထမအကြိမ်မူ၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# မင်းပြစ်မင်းဒဏ်
# ဗန်းမော်တင်အောင်

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၅

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com


# အခန်း [ ၁ ]

## အချိန်၏ သုံ့ပန်း

(၁)

လူမိုက်ကို ပညာရှိက ညှဉ်းပန်း နှိပ်စက်တတ်၏။ လူ့ပညာရှိမှုကား သံသရာ၏ အနှိပ်အစက် အညှဉ်းပန်းခံကြရကုန်၏။ ဤကဲ့သို့လျှင် လူမှုရေး သိပ္ပံအတတ်ပညာရပ်၌ လိမ္မာရေးခြားရှိသည်ဆိုသော လောကနိတိဆရာသမားများက မိန့်ဆိုလေ့ ရှိတတ်ကြ၏။

တကယ်ဆိုတော့ သံသရာဆိုသည်မှာ အဘယ်နည်း။ အချိန်သည်ပင် သံသရာဖြစ်မည် မဟုတ်သလော။

*

(၂)

အသိအလိမ္မာ ကြွယ်ဝသော ပညာရှိ သုခမိန်ဆိုသူ လူစားများကိုပင် ညှဉ်းပန်းနိုင်စွမ်း၊ နှိပ်စက်နိုင်စွမ်းရှိသော အချိန်သည် သာမည စွမ်းပကားနှင့်တော့ကား မဟုတ်တန်ရာ။ အကြွင်းမရှိသော သိဒ္ဓိရှင်သော့

mgyoe.com

mgyoe.com


လည်း ဖြစ်နိုင်ရာ၏။ သို့တည်းမဟုတ် အနန္တတန်ခိုးတော်ရှင်သော်လည်း ဖြစ်နိုင်ကောင်း၏။

အစနှင့်အဆုံး မမြင်သာမထင်သာဆိုကြသော ကမ္ဘာလောကဓာတ်သည် ခပ်သိမ်းကုန်သော သက်မဲ့သက်ရှိရုပ်ဝတ္ထုပစ္စည်းများဖြင့် ဖွဲ့စည်း၍ ထား၏။ ယင်းအလားတူပင် ရေတွက် မှတ်သားခြင်းငှာ မတတ်နိုင်ကောင်းသော ဖြစ်ခြင်း၊ ပျက်ခြင်း အစရှိသော ခယဓမ္မ၊ ဝယဓမ္မ များဖြင့်လည်း စည်းနှောင်၍ ထားရှိ၏။ သက်မဲ့လောကဓာတ် ဩကာသလောကဟူ၍၎င်း၊ ဖြစ်ခြင်း၊ ပျက်ခြင်းလောကဓာတ်ကို သင်္ခါရလောကဟူ၍၎င်း ပညတ်ခေါ်ဝေါ်လျက်ရှိကြ၏။ ယင်းသုံးပါးလောကသည် အချိန်၏ စက်ကွင်းမှ လွတ်နိုင်၊ ကင်းနိုင်ကြသလော။ သို့မဟုတ် အချိန်၏ တံဆိပ်ခပ်နှိပ်ခြင်း ခံရသော ဘဝအခြေမှကော ရုန်းထွက်လွတ်မြောက်နိုင်ကြသလော။

သို့ရာတွင် အချိန်မူကား ဒြပ်နှင့်အထည်ကိုယ် ရတတ်သော အရာဝတ္ထုမဟုတ်။ အလားတူပင် ဆုပ်ဆုပ်ကိုင်ကိုင် ဖမ်း၍ချုပ်၍ရနိုင်ကောင်းသော ဝတ္ထုပစ္စည်းအမျိုးအစားလည်း မဟုတ်။ သိမ်မွေ့နက်နဲခြင်းလွန်သော ဝတ္ထုဖြစ်၏။ ထို့ကြောင့် အချို့အချို့သော သုခမိန်ပညာရှိတို့က နိစ္စပညတ်ဟူ၍လည်းကောင်း၊ ဆန္ဒပညတ်ဟူ၍လည်းကောင်း ပညတ်ခေါ်ဝေါ်လျက်ရှိကြခြင်း ဖြစ်တန်ရာ၏။

ဒြပ်မဲ့ပင် ဖြစ်စေကာမူ သိမ်မွေ့နက်နဲခြင်း ရှိသည်နှင့်အမျှ အချိန်သည် အလွန်တရာ လေးလံဖိစီးတတ်သော အရာဝတ္ထုဖြစ်၏။ ညှဉ်းပန်းနှိပ်စက်တတ်သော ဝတ္ထုပစ္စည်းလည်း ဖြစ်၏။ ထို့ကြောင့်လည်း ယင်းဆုပ်၍ ကိုင်၍မရသော အရာဝတ္ထုကို အကြွင်းမရှိသော သိဒ္ဓိရှင် ဟူ၍လည်းကောင်း၊ အနန္တတန်ခိုးတော်ရှင် ဟူ၍လည်းကောင်း အထက်တွင် ရည်ညွှန်းခဲ့ရခြင်းပင် ဖြစ်၏။

mgyoe.com

mgyoe.com


(၃)

ကျွန်ုပ်သည် အချိန်၏ ဖိစီးနှိပ်စက်မှုနှင့် ညှဉ်းပန်းထောင်းထုမှုများကို နှစ်ရှည်လများ ခံနေရခဲ့ရသူ တစ်ဦးဖြစ်၏။ သို့ရာတွင် သုခမိန်စာရင်းဝင် တစ်ဦးတော့ကား မိမိသည် မဟုတ်ချေ။ အလားတူပင် လူ့ဖူးတောင်းတစ်ဦးတော့လည်း မဟုတ်တန်ရာဟု မိမိကိုယ်ကို မိမိထင်၏။ ကိုယ့်တိုင်းပြည်နှင့် ကိုယ့်အမျိုး လွတ်လပ်ခြင်းနှင့် တရားမျှတခြင်းတို့ကို ချစ်မြတ်နိုးမိသည့် အတွက်ကြောင့် ရာဇဝင်၏ သားကောင်နှင့် အချိန်၏ သံ့ပန်းဘဝသို့ ကျရောက်ခဲ့ရသူတစ်ဦးမျှသာ ဖြစ်၏။

အချိန်၏ ဖိစီးနှိပ်စက်မှုနှင့် ညှဉ်းပန်းထောင်းထုမှုများ၏ ဒဏ်ရာဒဏ်ချက်များအကြောင်းကို သက်ကြီးရွယ်လွန်တို့ သိရှိကြ၏။ အကြောင်းမူကား သူတို့တတွေသည် ကောင်းစွာ ခံခဲ့ကြရသောကြောင့်ပင်ဖြစ်၏။ သူတို့ထက် ပိုမိုသိရှိကြသူများ ရှိကြသေး၏။ ၎င်းတို့သည်ကား သံ့ပန်း၊ နှစ်ကြီးအကျဉ်းသမားနှင့် ကြိုးသမားများပင် ဖြစ်ကြ၏။

သေမိန့်ချမှတ်ခြင်း ခံရသော ကြိုးသမား အကျဉ်းသားများသည် အချိန်၏ ဖိစီးမှုဒဏ်ကို သူတကာနှင့်မတူအောင် ပင်ပင်ပန်းပန်း၊ လေးလေးလံလံ ခံကြရသည်မှာ အမှန်ဖြစ်၏။ သို့ရာတွင် ကြာရှည်လေးမြင့်တော့ကား မခံကြရပေ။ အာဏာပါးကွက်သားများက သူ့ကို ကြိုးတိုက်အတွင်းမှ လာရောက်ထုတ်ယူသွားပြီးနောက် မကြာမီ ထိုဝဋ်ဒုက္ခမှ ကြိုးသမားသည် လွတ်သွား၏။ သို့ရာတွင် သံ့ပန်းနှင့် နှစ်ကြီး အကျဉ်းသမားများမူကား ထိုကဲ့သို့ မြန်မြန်ထက်ထက် လွတ်ကျွတ်ခွင့် မရကြချေ။ တမျှဉ်းမျှဉ်းခံကြရ၏။ နှစ်ရှည်လများ ခံရလေလေ ပို၍ ခံရလေ ဖြစ်၏။

သက်ကြီးရွယ်အိုများသည် ဇရာ၏ ထောင်းထုမှုကို သဘာဝအလျောက် ခံကြရသူများသာဖြစ်၏။ သံ့ပန်းနှင့် နှစ်ကြီးအကျဉ်းသမားများကမူကား ထိုသို့မဟုတ်။ အနှောင်အဖွဲ့နှင့် ဖြစ်ကြ၏။ အချိန်၏

mgyoe.com

mgyoe.com


ဖိစီးညှဉ်းပန်းမှုကို သဘာဝအလျောက် ခံကြရသူများထက် အနှောင်အဖွဲ့နှင့် ခံကြရသူများက ပိုမို၍ လေးလေးလံလံ၊ ပင်ပင်ပန်းပန်း ခံကြရသည် မဟုတ်သလော။

ယင်းသို့ အကျဉ်းအကြပ် အနှောင်အဖွဲ့များနှင့် အချိန်၏ သုံ့ပန်းဘဝဖြင့် နှစ်ရှည်လများ ခံလာခဲ့ရသည့်အတွက် ကျွန်ုပ်သည် မည်သူတစ်ဦးတစ်ယောက် အပေါ်မျှလည်း ယိုးမယ်မဖွဲ့။ မိမိ၏ ကြမ္မာကိုလည်း အပြစ်တင် ညည်းတွားခြင်းပြုရန် မကြံရွယ်။ လူခပ်သိမ်းတို့သည် မိမိစိုက်သော မျိုးစေ့များမှ ပေါက်လာသော အပင်တို့ကို ကိုယ့်ဟာကိုယ် ရိတ်သိမ်းကြရရိုး ဖြစ်သည် မဟုတ်သလော။ ဘယ်သူမပြု မိမိမှုဆိုသော စကားလည်း အရှိသား မဟုတ်လား။

ကျွန်ုပ်သည် အချိန်၏ ဖိစီးနှိပ်စက်မှုနှင့် ညှဉ်းပန်းထောင်းထုမှုများ၏ ဒဏ်ရာဒဏ်ချက်တို့ကို နှစ်ရှည်လများ ခံနေခဲ့ရသော အချိန်၏ သုံ့ပန်း၊ သို့မဟုတ် ရာဇဝင်၏ သားကောင်တစ်ကောင်မျှသာ ဖြစ်၏။ ထိုအမှုသည်လည်း ဘယ်သူမပြု မိမိမှုမျှသာ ဖြစ်သည်ပင် မဟုတ်သလော။

■

mgyoe.com

mgyoe.com

# အခန်း [ ၂ ]

## ဒက္ခိဏာပင်လယ်ပြင်၌

### (၁)

အချိန်၏ ဝန်ကို ကျွန်ုပ်ထမ်းပိုးခြင်းပြုရသော အရပ်နေရာမှာ လူသူနှင့် မနီး၊ ကမ်းမမြင်ရသော ပင်လယ်ပြင်ရှိ တစ်ခုသော ကျွန်းငယ်ထက်တွင် ဖြစ်၏။ ကျွန်းသာဆိုရ၏။ အလျား ၇ မိုင်၊ အနံတစ်မိုင်မျှလောက်ပင် မရှိတတ်။ အပြောကျယ်လှသော ပင်လယ်ပြင်တွင် မပြောပလောက်သော ကုန်းမြေကလေး တစ်ခုမျှသာ ဖြစ်၏။ မြန်မာပြည်နှင့်ဝေးသော အရပ်ဒေသလည်း ဖြစ်၏။ ထိုကျွန်းငယ်သည် မဍ္ဍိမယာဉ်တန်းနှင့် အနီးအနား ပတ်ဝန်းကျင် တပိုက်လောက်တွင်ရှိရကား ဥတုရာသီသည် လွန်စွာဆိုးရွား ပြင်းထန်၏။

ထိုအရပ်တွင် တစ်နှစ်ပတ်လုံး မိုးရွာသွန်း၏။ ရွာသောအခါများ၌လည်း သည်းသည်းထန်ထန် ရွာသွန်း၏။ ထို့ကြောင့် အလွန်တရာပူပြင်းစွတ်စို၏။ မိုးပြတ်သောလဟူ၍ မရှိ။ တပေါင်း တစ်လလောက်တွင်သာ မိုးပါး၏။

mgyoe.com

mgyoe.com

ပြည်မတွင် နှင်းများကျ၍ သဇင်ပန်းများပွင့်သော လရာသီများ၌ ထိုကျွန်းတွင် လေပြင်းမုန်တိုင်းများကျ၏။ ကြီးမားသောလှိုင်းတံပိုးများထကြွသောင်းကျန်း၏။ နေ့ညခြားသည်မရှိ။ အလွန်တရာပင် သည်းထန်၏။ ယင်းသို့ လေပြင်းကျစဉ် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၅၀ မှ ၇၀ ခန့်အထိ ဝှေ့ရမ်း တိုက်ခေတ်လေ့ရှိ၏။ လေပြင်းသည် တော်တော်နှင့် စဲနိုင်သည်မရှိ။ ရံဖန်ရံခါ နေ့လုံးပေါက်၊ ညလုံးပေါက် တိုက်ခတ်တတ်၏။

လေပြင်းဒဏ်သည် ပြင်းထန်၏။ ကျွန်းပေါ်ရှိ အုန်းပင်များ ပြတ်ထွက်တတ်၏။ တစ်ခါတစ်ရံ အမြစ်မှပင် ကျွတ်ထွက်၍ ပါသွား၏။ ယင်းသို့ လေပြင်းများ ကျရောက်စဉ် အသက်ကို စောင့်ရှောက်ရသော အလုပ်သည် အလွန်တရာ ပင်ပန်း၏။ အသည်းယားဖွယ်ရာလည်း ကောင်း၏။

ယင်းသို့ မုန်တိုင်းကျ၍လေပြင်းထန်ချိန်များတွင် ကျွန်းပတ်ပတ်လည်ရှိ ပင်လယ်ပြင်သည် ဒေါသူပုန် ထကြွလျက်ရှိသော မကောင်းဆိုးရွားသတ္တဝါကြီးအလား ထင်ရ၏။ အသံဆိုးကြီးများဖြင့် မြည်ဟည်းဟိန်းဟောက်လား ဟိန်းဟောက်တတ်၏။ ရောမ လှိုင်းလုံးကြီးများလည်း ထကြွသောင်းကျန်းကာ ထိုကျွန်းငယ်ကို ခြိမ်းခြောက်ရန်လုပ်၏။ တဝုန်းဝုန်းတဒိုင်းဒိုင်းဖြင့် ရိုက်မောင်းပုတ်မောင်း လုပ်လားလုပ်၏။ တစ်ခါတစ်ခါတွင် ထိုကျွန်းကလေးကို ပင်လယ်ပြင်အောက်သို့ တစ်ခါတည်း ကိစ္စတုံး ဝါးမျိုပစ်လိုက်တော့မည်လားပင် ထင်ရ၏။

ရာဇဝင်၏ သားကောင်ဘဝသို့ ကျရောက်ခဲ့ရပြီးနောက် သို့ပန်းအဖြစ်ဖြင့်အချိန်၏ ဖိစီးနှိပ်စက်မှုနှင့် ညှဉ်းပန်းပုတ်ခတ်မှုများကို တစ်ဖက်တွင် ကုန်းရုန်းခံနေရခိုက် အခြားသော တစ်ဖက်တွင်လည်း ဥတု၏ အထုအထောင်းနှင့် အကန်အကျောက်များကိုပါ ကျွန်ုပ် ကောင်းစွာ ခံရ

mgyoe.com

၏။ အသက်၏ ပွားစီးရှင်သန်ခြင်းအကြောင်းတရား လေးပါးရှိသည့် အနက် ဥတုသည်လည်း အကြောင်းတရားတစ်ပါးဖြစ်သည် မဟုတ်သလော။

*

(၂)

ဒက္ခိဏပင်လယ်ပြင်ရှိ ထိုကျွန်းငယ်သည် အထီးကျန်နိုင်လှသော ကမ္ဘာလောကဓာတ်ကလေး တစ်ခုကဲ့သို့ ဖြစ်၏။ ထိုကမ္ဘာလောကဓာတ် ငယ်၌ ကျွန်ုပ်အပါအဝင် မင်းပြစ်မင်းဒဏ် ကျခံနေရသော သုံ့ပန်းနှင့် အကျဉ်းသား အနည်းငယ်ခန့်နှင့် ကျွန်ုပ်တို့ကို စောင့်ကြပ်အုပ်ချုပ်ရသော လက်မရွံ့ အာဏာပါးကွက်သားများကလွဲ၍ သူစိမ်းမရှိ။ မိုးပါးသော လရာသီများတွင် ပြည်မမှ သင်္ဘောတစ်စင်းတလေ လာတတ်၏။ တစ်နှစ်လျှင် တစ်ခေါက်၊ နှစ်ခေါက်ထက်မပို။ ကျွန်ုပ်တို့အတွက် တစ်နှစ်စာ ရိက္ခာများနှင့် အာဏာသား လူဟောင်းများနေရာတွင် အစားထိုးရန် လူသစ်များ ပါလာတတ်၏။ ဘုရင်မင်းမြတ်၏ အမှုတော်ကို ထမ်းဆောင်ရင်း ရောက်လာတတ်သော ထိုသင်္ဘောများကိုပင် ကျွန်ုပ်တို့သည် တွေ့မြင်ရကြရသည်မဟုတ်။ ကျွန်း၏ တစ်ဖက်စွန်းတွင် ဆိုက်ကပ်ပြီးနောက် သူတို့၏ တာဝန်ဝတ္တရားများ ထမ်းဆောင်ပြီးစီးလျှင်ပြီးစီးချင်း ပြန်လည်ထွက်ခွာသွား၏။ ပါးကွက်သား လူသစ်များကို တွေ့ရတော့မှ ပြည်မမှ သင်္ဘောဆိုက်ကပ်ကြောင်း ကျွန်ုပ်တို့ အကဲခတ်ကြရ၏။

ဤသို့ တာဝန်ဝတ္တရားနှင့် လာရောက်ရသော ဘုရင်မင်းမြတ်၏ သင်္ဘောတစ်စင်းတလေကလွဲ၍ တစ်ခါတစ်ခါ ဥတုပြင်း၍ လှိုင်းလေ ရိုက်မောင်းသဖြင့် ဟိုင်းကြီးနှင့် မြိတ်ကျွန်းစု ပင်လယ်ပြင်များ တစ်ဝိုက်မှ ပင်လယ်မုဆိုးများသည် လှေသမ္ဗန်ငယ်ကလေးများနှင့် လွင့်ပါး

mgyoe.com

mgyoe.com

ရောက်ရှိလာတတ်၏။ သို့ရာတွင် ထိုပင်လယ်လုပ်သားကြီးများသည် ကျွန်ုပ်တို့နှင့် တွေ့ဆုံစကားပြောဆိုခွင့် မရကြပေ။ ကျွန်းကို စောင့်ကြပ်ရသော အာဏာပိုင်များက ထိုသူစိမ်းများကို တစ်ခါတည်းခေါ်ဆောင်သွား၏။ လှိုင်းလေငြိမ်လျှင် ငြိမ်ချင်း ထိုကျွန်းမှ မောင်းထုတ်လိုက်ကြ၏။

ထိုကမ္ဘာလောကဓာတ်သို့ ရောက်ရှိသော အချိန်နာရီမှစ၍ ကျွန်ုပ်တို့သည် မိမိတို့ ချက်မြှုပ်ရာ ပြည်မနှင့်တစ်ခါတည်း အဆက်အသွယ်ဖြတ်တောက်ခြင်း ခံလိုက်ကြရ၏။ ကျွန်ုပ်တို့၏ မိဘများနှင့်သော် လည်းကောင်း၊ သားမယား၊ သားသမီးများနှင့်သော်လည်းကောင်း၊ သားချင်းပေါက်ဖော်များနှင့်သော်လည်းကောင်း၊ ဆက်ဆံခွင့်မရကြတော့ချေ။ သူတို့တစ်တွေနှင့် ပတ်သက်၍လည်း မာကြောင်း ချာကြောင်းကအစ သေသည်၊ ရှင်သည်ဆိုသော သတင်းများလောက်ပင် မကြားမသိရတော့ပေ။ ပြည်မနှင့် လုံးလုံးလျားလျား အဆက်အသွယ် ဖြတ်တောက်ခြင်း ခံလိုက်ကြရ၏။

ထိုကျွန်းကို စောင့်ကြပ်ရသော ဘုရင်မင်းမြတ်၏ အမှုထမ်းအရာရှိများကလည်း အလုပ်ဝတ္တရားနှင့် ပတ်သက်သော အကြောင်းအရာနှင့်ကိစ္စများမှတပါး ကျွန်ုပ်တို့နှင့် အခြားစကားများ မစပ်ကြချေ။ နှုတ်စောင့်စည်းကြ၏။ ကျွန်ုပ်တို့တတွေကို စက်ဆုပ်ကြောက်ရွံ့စရာကောင်းသော သတ္တဝါများကဲ့သို့ စိမ်းစိမ်းကားကား၊ တင်းတင်းမာမာ သဘောထားဆက်ဆံလေ့ရှိကြ၏။ အကြောင်းကိစ္စမရှိလျှင် ကျွန်ုပ်တို့ကို မျက်နှာချင်းပင် မဆိုင်။ အတတ်နိုင်ဆုံး ရှောင်ကွင်းခြင်း ပြုတတ်ကြကုန်၏။

*

mgyoe.com

(၃)

ပြည်မမှ သင်္ဘောနှင့် လိုက်ပါလာခဲ့ကြရပြီးနောက် ထိုကျွန်းပေါ်သို့ ကျွန်ုပ်တို့လူသိုက် စတင်တက်ရောက်ခြင်း ပြုခဲ့ကြရသော နေ့ရက်သည် နှစ်လရှည်ကြာခဲ့ပြီ ဖြစ်၏။ သို့ရာတွင် ကျွန်ုပ်သည် ထိုနေ့ရက်ကို ကောင်းစွာ အမှတ်ရလျက်ရှိ၏။ ကျွန်ုပ်နှင့်အတူ မင်းပြစ်မင်းဒဏ် ခံကြရသူများထဲတွင် မွန်အမျိုးသား မင်းသားကြီးတစ်ပါးနှင့် တပ်မှူးကြီးတစ်ဦး၊ ရှမ်းအမျိုးသား စော်ဘွားကြီးတစ်ဦးနှင့် မြို့စားကြီးတစ်ဦး စုစုပေါင်း လူငါးဦး ဖြစ်၏။

သင်္ဘောထက်မှ ကျွန်းပေါ်သို့ ဆင်းရလျှင် ဆင်းရချင်း ကမ်းစပ်တွင် အဆင်သင့်စောင့်ကြိုနေသော အာဏာပါးကွက်သား အကြီးအမှူးနှင့် ၎င်းတပ်ဖွဲ့ဝင် လူတစ်ကျိပ်သာသာခန့်ကို တွေ့ရ၏။ ကျွန်ုပ်တို့ လူသိုက် ကျွန်းပေါ်သို့ ဆင်းမိကြလျှင် အာဏာသားများ၏ အကြီးအကဲက သဲပြင်တွင် ဆောင့်ကြောင့်အထိုင်ခိုင်း၏။ ၎င်းတို့ အကြီးအကဲ၏ အမိန့်ကို ထော်လော်ကန့်လန့်လုပ်လျှင် ချက်ချင်း အရေးယူရန်အတွက် ပါးကွက်သားများသည် လက်နက်ကြီးငယ်များ ကိုင်ဆောင်ချိန်ရွယ်ကာ ကျွန်ုပ်တို့ လူသိုက်ကို ဝိုင်းရံ၍ ထားကြ၏။

လက်ရှိနှင့် လက်မဲ့ဖြစ်ရကား ကျွန်ုပ်တို့အဖို့ အခြားနည်းလမ်းမရှိ။ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ရှု မိကြပြီးနောက် ပါးကွက်သား အကြီးအကဲ၏ အမိန့်အာဏာကို တသွေမတိမ်းနာခံကြရ၏။ ဆောင့်ကြောင့်ထိုင်ရာတွင် အနည်းငယ် နောက်ကျသွားသော ရှမ်းအမျိုးသား မြို့စားကြီးကို အာဏာသားတစ်ဦးက ၎င်း၏ လက်ထဲတွင် ကိုင်ဆောင်ထားသော ကြိမ်လုံးနှင့် ဦးခေါင်းကို တစ်ချက်မျှ ခပ်ဆတ်ဆတ်ကလေး ရိုက်လိုက်သေး၏။ ဦးခေါင်းကို အရိုက်ခံလိုက်ရသဖြင့် မြို့စားကြီး၏ မျက်နှာသည် နီရဲသွား၏။ သို့ရာတွင် အံကိုကြိတ်ထားပုံရ၏။

mgyoe.com

mgyoe.com


ယင်းသို့ ရှေးဦးစွာ ဦးချိုးပြီးလျှင် ပြီးချင်း "အခုအချိန်ကစပြီး မောင်မင်းများအားလုံး ပြည်မကဘဝနဲ့ အဆောင်အယောင်တွေကို မေ့လိုက်ကြပါ။ ဒီအချိန်ကစပြီး မင်းပြစ်မင်းဒဏ်ကို ခံကြရတဲ့ ဒီကျွန်းသားများ ဆိုတာကိုလည်း မြဲမြဲနှလုံးသွင်းထားလိုက်ကြပါ။ ဒီနေ့ဒီရက်ကစပြီး ကျုပ်တို့ပေးတာကိုသာယူပါ၊ ကျုပ်တို့ကျွေးတာကိုသာ စားပါ၊ အာအာအီအီ မလုပ်ပါနဲ့။ ရုတ်ရုတ် ရုတ်ရုတ်လည်း မလုပ်ပါနဲ့။ လူတစ်ယောက်ရဲ့ အသက်ဟာ ဒီအရပ်မှာ ဘာမှ တန်ဖိုးမရှိဘူးဆိုတာကိုလည်း သတိရပါ" ဟု ကျွန်ုပ်တို့လူသိုက် လိုက်နာကြရမည့် စည်းကမ်းဥပဒေများ ပြဋ္ဌာန်းပေးခဲ့၏။

ထိုတစ်ကျွန်းတစ်မြေသို့ ရောက်ရှိလာခဲ့ရသော အချိန်ကာလမှစ၍ ပေးတာယူကာ ကျွေးတာစားလာခဲ့ရသည်မှာလည်း နှစ်ကာလအတန်ကြာခဲ့ပေပြီ။ ဆိုးရွားသော ဥတုကို ခုခံကာကွယ်ရန်အတွက် ကျွန်ုပ်တို့လူသိုက်သည် သင့်တင့်သော အဝတ်အထည်များ မရတတ်ပေ။ ကျွန်ုပ်တို့ စားသောက်ရသော အာဟာရမှာလည်း အသက်မွေးလောက်သော အစားအစာ မဟုတ်။ ဆင်းရဲချို့ငဲ့၏။ ဥတုကိုလည်း မတွန်းလှန်နိုင်သည့်အပြင် အသက်မီးအတွက်လည်း လိုအပ်သော လောင်စာမရတတ်။ နာမကျန်း ဖြစ်ရသော ကာလများတွင်လည်း ဆေးဝါးမရှိ၊ ဆေးသမားလည်း မရှိရကား ငုတ်တုတ်ခံနေကြရ၏။

ထိုကျွန်းသည် ကျွန်းရိုင်းမြေရိုင်းဖြစ်ရကား ရောဂါပိုးမွှားများ ထူပြော၏။ ဥတု၏ ဖိစီးထုထောင်းမှုနှင့် အာဟာရချို့တဲ့မှုများကြောင့် ကိုယ်ခံအား ယုတ်လျော့လျက်ရှိသော လူတို့ကို ဘယပိုးများသည် အလွယ်တကူ ကပ်ငြိနှိပ်စက်နိုင်သည် မဟုတ်သလော။

ထိုကျွန်းသို့ ကျွန်ုပ်တို့လူသိုက် ရောက်ရှိလာခဲ့ကြပြီးနောက် အခါလည် သာသာခန့်လောက်တွင် ရှမ်းအမျိုးသား စော်ဘွားကြီးသည် အဝါ

mgyoe.com

ရောင် အဖျားရောဂါ ဖိစီးနှိပ်စက်ခြင်း ခံရ၏။ တစ်ကိုယ်လုံး ဝါဝါထိန်၏။ ကိုယ်အပူရှိန်သည်လည်း ကြောက်မက်ဖွယ်ရာတက်၏။ သို့ရာတွင် ဆေးဝါးမရှိ၊ ဆေးသမားလည်း မရှိ။

အချိန်၏ သုံ့ပန်းငါးဦးရှိသည့်အနက် ကျွန်ုပ်တစ်ယောက်သာ လျှင် အသက်လေးဆယ်လောက်ဖြစ်၏။ ကျန်လူများကား ငါးဆယ်ပတ်ဝန်းကျင်နှင့် အထက်ဖြစ်ကြ၏။ ထို့ကြောင့် ကျွန်ုပ်သည် ငယ်ရွယ်သူတစ်ဦးပီပီ အာဏာပိုင်များကို အော်ဟစ်ခေါ်ဝေါ်ကာ လူနာကို ဆေးဝါး ကုသပေးရန် ပြောဆိုမိ၏။

ထိုသို့ လူတစ်ယောက်အတွက် ရသင့်ရထိုက်သော အခွင့်အရေးကို ပြောကြားတောင်းဆိုခြင်းပြုသည့်အတွက် ကျွန်ုပ်ကို ပါးကွက်အာဏာသားများက ကျန်လူများနှင့် အတူမထားဘဲ ဆွဲထုတ်ကြ၏။ ထို့နောက် အလွန်တရာ ကျဉ်းမြောင်းသော အမှောင်ခန်းတစ်ခုအတွင်း၌ ရက်သတ္တငါးပတ်သာသာ၊ ခြောက်ပတ်နီးပါးခန့်မျှ တစ်ယောက်တည်း လှောင်ပိတ်ထား၏။ ယင်းအမှောင်ခန်းငယ်အတွင်းသို့ ကျွန်ုပ်ကို ရိုးရိုးတန်းတန်း မသွင်း။ နောက်မှနေကာ ဖနောင့်နှင့် သုံးလေးချက်မျှ ပေါက်၍သွင်း၏။ အမှောင်ခန်းအတွင်း၌ ထမင်းကိုလည်း ကျွေးရိုး ကျွေးစဉ်တစ်ရက်လျှင် နှစ်နပ်မကျွေး၊ တစ်နပ်သာ ကျွေး၏။ အခါတိုင်းကဲ့သို့ ဟင်းမပါ။ ဆားတစ်မယ်တည်းနှင့် စားရ၏။ ရေကိုလည်း ဝအောင် မတိုက်တော့။ မဝရေစာဆိုသော စကားကို ကျွန်ုပ်လက်တွေ့ ကြုံရ၏။

အမှောင်ခန်းမှ မူလနေရာသို့ ကျွန်ုပ်ကို ပြန်လည်ခေါ်ဆောင်သော အခါ ကျွန်ုပ်တို့ လူငါးဦးနေထိုင်ခဲ့ရသော အကျဉ်းစခန်းတွင် လူသုံးဦးကိုသာ တွေ့ရတော့၏။ ယင်းသို့ ပြန်တွေ့ရသော လူသုံးယောက်အနက် တစ်ယောက်သောသူမှာ လူကောင်းပကတိအတိုင်း မဟုတ်တော့။ ကျိုးပဲ့နေသော ဒဏ်ရာဒဏ်ချက်များနှင့် ဖြစ်၏။

mgyoe.com

mgyoe.com

ရှမ်းအမျိုးသား နေဝင်ဘုရင်မင်းမြတ်သည် ထိုကျွန်းတွင် မင်းပြစ်မင်းဒဏ်ကျခံရင်း ဆေးဝါးမရှိသဖြင့် အသားဝါ အဖျားရောဂါနှင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားခဲ့လေပြီ။ ဗုဒ္ဓဘာသာဝင်တို့၏ ထုံးစံအရ သရဏဂုံမှပင်မတင်ရ။ သေတ္တာလည်း မရှိ၊ ဖျာလိပ်နှင့်သာ ကိစ္စပြီးစီးသွားခဲ့၏။ ဒဏ်ရာဒဏ်ချက်များနှင့် တွေ့ရသောသူမှာ မွန်အမျိုးသား တပ်မှူးကြီး နိုင်မင်းဦးဖြစ်၏။ မွန်အမျိုးသား စစ်သားကြီးသည် နာမကျန်းဖြစ်နေသော ရှမ်းအမျိုးသား စော်ဘွားကြီးကို အုန်းရည်တိုက်ရန်အတွက် အာဏာပိုင်များမသိရှိရလေအောင် ညအချိန်တွင် အုန်းပင်ပေါ်သို့ တိတ်တခိုးတက်ရာမှ ခြေချော်လက်ချော်ဖြစ်ကာ အုန်းပင်ထက်မှ လိမ့်ကျခဲ့ရသောကြောင့် ဖြစ်၏။

■

mgyoe.com

mgyoe.com

# အခန်း [ ၃ ]

## အရိပ်ကို ဆုပ်ကိုင်ကြည့်ရှုရခြင်း

(၁)

လူသူနှင့်လည်းမနီး၊ ကမ်းလည်းမမြင်သာသော ဒက္ခိဏပင်လယ်ပြင် တစ်ဝိုက်တွင် ရာဇဝင်၏ သားကောင်အဖြစ်ဖြင့်လည်းကောင်း၊ အချိန်၏ သုံ့ပန်းဘဝနှင့်လည်းကောင်း ကျွန်ုပ်သည် နှစ်ပေါင်းများစွာ အချိန်ကုန်လွန်ခဲ့ရသူ တစ်ဦးဖြစ်၏။ ထိုအမှုကိစ္စအတွက် ကျွန်ုပ်သည် မည်သူတစ်ဦး တစ်ယောက်၏ အပေါ်မျှလည်း ယိုးမယ်မဖွဲ့၊ မိမိကံကြမ္မာကိုလည်း အပြစ်တင် ညည်းတွားခြင်းပြုရန် မကြံရွယ်၊ လူခပ်သိမ်းတို့သည် မိမိစိုက်သော မျိုးစေ့များမှ ပေါက်လာသောအပင်တို့ကို ကိုယ့်ဟာကိုယ်ရိတ်သိမ်းကြရ ရိုးဖြစ်သည် မဟုတ်သလော။

သို့ရာတွင် ထိုအမှုသည် သက်သာလွယ်ကူသော အမှုကား မဟုတ်ပေ။ ခပ်သိမ်းသော ဆင်းရဲပင်ပန်းခြင်းများနှင့် ယှဉ်၏။ ဆင်းရဲပင်ပန်းသဖြင့် ရှောင်ကွင်း၍ ရနိုင်ကောင်းသော အမှုကိစ္စလည်း မဟုတ်။ ဘယ်သူမပြု မိမိမှုဖြစ်သည် မဟုတ်သလော။

mgyoe.com

mgyoe.com


ဝေးသော အလွန်ဝေးသောသူတို့၏ မျက်ကွယ်ရာအရပ်တွင် အချိန်၏ ဖိစီးမှုဒဏ်ကို ကျွန်ုပ်တို့ လူသိုက်သည် ပင်ပန်းခြင်း ကြီးစွာ ခံနေရချိန်မှာပင် အခြားတစ်ဖက်တွင်လည်း ရန်လိုလှသော ဥတု၏ အထောင်းအထုနှင့် အနှိပ်အစက်များကိုပါ ကုန်းရုန်းကာ ခံကြရ၏။ တစ်ချိန်တည်းမှာပင် အာဟာရနှင့် ဆေးဝါးချို့တဲ့မှုဒဏ်များကို ခံနိုင်ရည် ရှိရှိခံကာ အသက်နှင့်ကိုယ် အိုးစားကွဲ၍ မသွားရအောင်လည်း မိမိတို့ ကိုယ်ကို စောင့်ရှောက်ခြင်း ပြုကြရ၏။ သူကကိုယ့်ကို အညှဲ့မခံ ခံလာ အောင်နှင့် မသေ သေအောင် ထောင်းထု ညှဉ်းပန်းနေချိန်မျိုးတွင် ကိုယ့်ကိုယ်ကိုယ် လူဖျင်း၊ လူညံ့တစ်ဦး ဖြစ်မသွားရအောင်နှင့် မသေသွားရ အောင် စောင့်ရှောက်ခြင်းသည် တိုက်ပွဲကြီးတစ်ပွဲပင် ဖြစ်သည် မဟုတ် သလော။ အသက်ကို ဉာဏ်စောင့်ဆိုသော စကားတစ်ရပ်လည်း အရှိ သား မဟုတ်သလော။ သို့ရာတွင် ဤကမ္ဘာလောကဓာတ်ရှိ ခပ်သိမ်း သော အရာဝတ္ထု နှင့် အဖြစ်အပျက်များသည် သူ့အကန့်အသတ်နှင့်သာ သူ ရှိကြ ဖြစ်ကြ၏။

*

(၂)

ဒက္ခိဏပင်လယ်ပြင်၌ အကျဉ်းခံခဲ့ကြရသော အချိန်ကာလနှင့် နေ့ရက်များအတွင်း ကျွန်ုပ်နှင့်အတူ အခြားသူလေးဦးတို့ ရှိကြ၏။ ထို အကြောင်းကို ဆိုခဲ့ပြီ။

သို့ရာတွင် ကျွန်ုပ်၏ အကြောင်းကို စဉ်းစားခြင်းပြုလျက် ရှိနေ သော ယခုအခါတွင် ထိုအချိန်၏ သုံ့ပန်းများ တစ်ဦးတစ်ယောက်မျှ အသက်နှင့်ကိုယ် မြဲလျက်သား မရှိကြတော့ပေ။ တစ်ယောက်ပြီး တစ်ယောက် သူတို့၏ ခန္ဓာဝန်ကို ချပြီးသွားခဲ့ကြပြီ။ ကျွန်ုပ်နှင့်ဘဝတူ

mgyoe.com

များသည် ကံကုန်သောကြောင့် သူတို့၏ ဘဝအသီးသီးကို ရိုးရိုးသားသား စွန့်လွှတ်ကြခြင်းတော့ကား မဟုတ်ပေ။

မြန်မာပြည်မကို သိမ်းယူပိုင်စိုးလျက်ရှိသော ဘုရင်မင်းမြတ်၏ ရာဇဝတ်ကောင်များအဖြစ်ဖြင့် ဒက္ခိဏပင်လယ်ပြင်သို့ ကျွန်ုပ်တို့ လူပေါင်း ငါးဦး နယ်အနှင်ခံကြရပြီးနောက် အခါလည်သာသာခန့် အကြာတွင် ရှမ်းအမျိုးသား စော်ဘွားကြီးသည် အသားဝါ အဖျားရောဂါဆိုးဖြင့် ကွယ်လွန်၏။ ထိုအကြောင်းကို ဆိုခဲ့ပြီ။ သို့ရာတွင် ထိုပုဂ္ဂိုလ်ကြီး သေဆုံးသွားခဲ့ရပုံကို ကျွန်ုပ် မျက်ဝါးထင်ထင် မတွေ့မြင်ခဲ့ရပေ။ သူသေဆုံးချိန်တွင် ကျွန်ုပ်သည် အမှောင်ခန်းအတွင်း၌ အလှောင်ပိတ်ခံနေရ၏။ ထို့ကြောင့် ကျန်လူများ၏ တစ်ဆင့်စကားကိုသာ ကြားရခြင်းဖြစ်၏။

ထိုကျွန်းသို့ ကျွန်ုပ်တို့ ရောက်ရှိခဲ့ကြပြီးနောက် တတိယမြောက်နှစ်တွင် မွန်အမျိုးသားတပ်မှူးကြီး နိုင်မင်းဦးသည်လည်းကောင်း၊ ရှမ်းအမျိုးသား မြို့စားကြီး စောစေးဟုန်သည်လည်းကောင်း ကိုယ်ရောင်ကိုယ်ဖောရောဂါဝေဒနာများဖြင့် တစ်ဦးနှင့်တစ်ဦး ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြ၏။ စင်စစ် ထိုပုဂ္ဂိုလ်ကြီးနှစ်ဦးစလုံးသည် မည်သည့် ရာဇဝတ်ပြစ်မှုမျိုးကိုမျှ ကျူးလွန်ခဲ့ကြဖူးသူများ မဟုတ်ပေ။ သူတို့လူမျိုးနှင့် သူတို့လူမျိုး၏ လွတ်လပ်ရေးကို ချစ်မြတ်နိုးကြသည့်အတွက် ဘုရင်မင်းမြတ်၏ မျက်တော်မူခြင်းကို ခံခဲ့ကြရသူများသာ ဖြစ်၏။ သူတို့တစ်တွေတွင် အခြားဘာပြစ်မှုမျှ မရှိ။

မွန်အမျိုးသား မင်းသားကြီး နိုင်ပန်းအောင်သည် အလွန်တရာ ကြံ့ခိုင်ခြင်းရှိသည်နှင့်အမျှ သက်လုံပါကောင်းသူတစ်ဦးဖြစ်၏။ ထိုသူသည် ရဲရင့်ခြင်းနှင့်လည်း ပြည့်စုံ၏။ သူ၏ တိုင်းပြည်နှင့် လူမျိုးအတွက် စစ်မြေပြင်၌ နှစ်ပေါင်းများစွာ အချိန်ကုန်လွန်ရင်း တစ်ကိုယ်လုံးတွင် ဒဏ်ရာများ ပြည့်နှက်နေသူ ဖြစ်၏။ သူ၏ကိုယ်တွင် သေနတ်ကျည်

mgyoe.com

mgyoe.com

ရာများရှိသကဲ့သို့ ဓားနှင့် လှံချက်များလည်း ရှိ၏။

မင်းသားကြီးသည် ဒက္ခိဏာပင်လယ်ပြင်၌ ကျွန်ုပ်နှင့်အတူ ဆယ်နှစ်နီးပါးမျှ မင်းပြစ်မင်းဒဏ် ခံသွားရ၏။ ယင်းသို့ အချိန်၏ ဖိစီးမှုနှင့် ဥတု၏ ညှဉ်းပန်းမှုကို ကြံ့ကြံ့ခံနိုင်အောင် ခံခဲ့ပြီးနောက် သူနှင့် စကားပြောဖော် စကားပြောဖက်ဖြစ်သော ကျွန်ုပ်ကို တစ်ယောက်တည်း ထားပစ်ခဲ့ပြီးလျှင် သူ၏ နောက်ဆုံးထွက်သက်ကို ရဲရဲရင့်ရင့် ရှူထုတ်၍ သွား၏။

မင်းသားကြီးသည် ကျွန်ုပ်ထက် အသက်အရွယ်အားဖြင့် ဆယ်နှစ်သာသာ ခန့်မျှ ကြီးရင့်သူဖြစ်၏။ မြန်မာတစ်ယောက်ဖြစ်သော်လည်း ကျွန်ုပ်ကို ညီအရင်းအချာကဲ့သို့ ခင်မင်၏။ မကြာမကြာလည်း အားပေးနှစ်သိမ့်တတ်၏။ သူ၏ နောက်ဆုံးထွက်သက်ကို ရှူထုတ်ခြင်းမပြုမီ တစ်နေ့က ကျွန်ုပ်အတွက် များစွာကျေးဇူးရှိသော ဆုံးမစကား၊ သို့မဟုတ် အမှာစကားတစ်ခွန်း ပြောကြားသွားသေး၏။

'ယောက်ျားကောင်းဆိုတာ အသင်းအပင်း အစည်းအရုံးနဲ့ အခုအခံ အတိုက်အခိုက်ကောင်းရသလို၊ လုံးချင်းလည်း အခုအခံ အတိုက်အခိုက်ကောင်းဖို့ လိုတယ်' ဟု ပြောကြားသွားခြင်းဖြစ်၏။

*

(၃)

မင်းသားကြီး နိုင်ပန်းအောင်၏ အမှာစကားသည် ကျွန်ုပ်အတွက် များစွာ ကျေးဇူးရှိသော ဩဝါဒစကားတစ်ရပ်ပင် ဖြစ်၏။

လူဆိုသော သတ္တဝါသည် အအုပ်အသင်းနှင့် ဆက်ဆံပေါင်းဖွဲ့ကာ နေထိုင်တတ်သော သတ္တဝါအမျိုးအစားဖြစ်သည် မဟုတ်သလော။ ယင်းသို့ အုပ်ဖွဲ့ဆက်ဆံကာ နေထိုင်ရင်း အသက်ရှင်ရသော သတ္တဝါ

mgyoe.com

mgyee.com


အမျိုးအစားလည်း ဖြစ်သည် မဟုတ်သလော။ အအုပ်အသင်း၏ အပြင် အပတွင်သော်လည်းကောင်း၊ ဆက်ဆံခြင်း မပြုဘဲသော်လည်းကောင်း သူ့ဟာသူ တစ်ယောက်တည်း ရှင်ကျန်နိုင်သော သတ္တဝါမဟုတ်ချေ။ ထိုအကြောင်းကို လူမဆိုထားဘိ၊ အသိဉာဏ်အတန်အသင့် ဖွံ့ဖြိုးသော အဟိတ်တိရစ္ဆာန်တို့ပင် ကောင်းစွာသိရှိ ကျင့်သုံးကြကုန်၏။

သို့ရာတွင် မွန်အမျိုးသားမင်းသားကြီး နိုင်ပန်းအောင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားပြီးနောက် ဒက္ခိဏာပင်လယ်ပြင်၏ အကျဉ်းစခန်းတွင် ကျွန်ုပ်သည် အအုပ်အသင်းနှင့် ပေါင်းဖွဲ့ခြင်း မပြုရဘဲ၊ အဆက်အဆံ မပြုရဘဲ အထီးကျန် နေထိုင်ခြင်း ပြုခဲ့ရ၏။ ထိုအမှုသည် အလွန်တရာ ခက်ခဲပင်ပန်းသော အမှုပင် ဖြစ်၏။ တော်ရုံသင့်ရုံ ခံနိုင်ရည်နှင့် ကျော်လွှားလွန်မြောက်ခြင်းပြုရန် မလွယ်လှသော အမှုအမျိုးအစားဖြစ်၏။ ထိုအဖြစ်ကို ကျော်လွှားခြင်း ပြုဖူးသူတို့သာ သိရှိနားလည်နိုင်ကြရာ၏။

ယခင်ကာလများက အချိန်၏ဝန်ကို ကျွန်ုပ်တို့သည် စုပေါင်း၍ ထမ်းပိုးခြင်းပြုကြရသဖြင့် မသိသာလှ။ ခံသာ၏။ ရှည်လျားညောင်းညာလှသော အချိန်ကို ကျွန်ုပ်တို့သည် ဝိုင်းဖွဲ့ကာ အာလာပသလာပ ပြောဆိုကြရင်း ကျော်လွှားလွန်မြောက်နိုင်ကြ၏။ ပြောဆိုစရာ အကြောင်းအရာများလည်း ကျွန်ုပ်တို့ အသီးသီးတွင် ကြွယ်ကြွယ်ဝဝ ရှိကြ၏။

ကျွန်ုပ်တို့ လူငါးဦးစလုံးသည် စစ်မြေပြင် အတွေ့အကြုံများရှိခဲ့ကြဖူးသူချည်းလိုလိုဖြစ်၏။ တစ်ဦးတစ်ဦးလျှင် စစ်ပွဲပေါင်း အစိတ်သုံးဆယ်ထက်မနည်း တိုက်ခိုက်ခဲ့ဖူးကြသော စစ်သားဟောင်းများလည်း ဖြစ်ကြ၏။ ၎င်းအပြင် ကိုယ့်လူမျိုး၏ သမိုင်းနှင့် ပုံပြင်များကို ကြားဖူးနားဝရှိသူများလည်း ဖြစ်ကြ၏။ ယင်းသို့ မကုန်နိုင် မခမ်းနိုင်သော ကိုယ်စီအတွေ့အကြုံနှင့် ဇာတ်သုတများအကြောင်း တစ်ယောက် တစ်

mgyoe.com

mgyoe.com


လှည့်ပြောကြရင်း အချိန်၏ ကန္တာရခရီးကို ကျော်လွှားခြင်းပြုနိုင်ရုံမျှ သာမက အသိတရား၊ အလိမ္မာတရားများကိုပါ တိုးချဲ့နိုင်ခဲ့ကြကုန်၏။

သို့ရာတွင် မိမိဘာသာ တစ်ယောက်တည်း ဒြပ်သော်လည်းကောင်း၊ ကိုယ်ထည်သော်လည်းကောင်း မရှိရကား ဆုပ်ကိုင်ခြင်းငှာ မတတ်နိုင်ကောင်းသော အချိန်နှင့် ရင်ဆိုင်ရသောအခါတွင် အလွန်တရာ ချောက်ချားဖွယ်ရာ ကောင်း၏။ အထူးသဖြင့် အလင်းရောင်မရှိသော ည၏ အချိန်နာရီများတွင် သွေးပျက်လောက်စရာပင် ဖြစ်၏။ လေပြင်းကျ၍ ပင်လယ်ပြင်က ဟိန်းဟောက်သောအခါများတွင် သာ၍ဆိုး၏။ ထိုအခါများ၌ 'ယောကျ်ားကောင်းဆိုသည်မှာ လုံးချင်းလည်း အခုအခံ အတိုက်အခိုက် ကောင်းရမည်' ဆိုသော ကွယ်လွန်သူမင်းသားကြီး၏ နောက်ဆုံး အမှာစကားကို ကျွန်ုပ်နှလုံးသွင်းရ၏။

ယခင် လူငါးဦးရှိစဉ်ကသော်လည်းကောင်း၊ နှစ်ဦးတည်းသာ ကျန်ရှိတော့သော အချိန်ကာလများတွင်သော်လည်းကောင်း တစ်ဦးဦး နာမကျန်းဖြစ်လာလျှင် ကျန်လူများက ဝိုင်းဝန်းပြုစုကြ၏။ ဖေးမကြ၏။ ထို့ကြောင့် အနာရောဂါကို ကျော်လွှား လွန်မြောက်နိုင်ကြ၏။

သို့ရာတွင် အထီးကျန်ဘဝနှင့် အနာရောဂါဆိုးကို ရင်ဆိုင်ရသော အခါများတွင် ထိုကဲ့သို့သော အခြေအနေမျိုး မရှိတော့။ ကိုယ့်ဟာကိုယ် တစ်ယောက်တည်း အံ့ကြိတ်ရ၏။ ကုန်းရုန်းရ၏။ ကုသရ၏။

*

## (၄)

ကမ်းမမြင်ရသော ပင်လယ်ပြင်တွင် အထီးကျန်ဘဝနှင့် ပစ္စုပ္ပန် ကာလကို မျက်နှာချင်းဆိုင်ရသော အမှုသည် အလွန်တရာ ခါးသီးပင် ပန်း၏။ အဘယ်ပင်ပန်းခြင်းမျိုး၊ ခါးသီးခြင်းမျိုးနှင့်မျှလည်း မတူ။ အရပ်

mgyoe.com

m gyoe.com

ရပ် ခါးသီးပင်ပန်းခြင်းများကို လွှန်၏။

ထိုအခါ ကာလများ၌ ဖိစီးလှသော ပစ္စုပ္ပန်ကာလ၏ အနှောင်အဖွဲ့မှ ကျွန်ုပ် ထွက်ပြေးစရာ၊ ခိုလှုံစရာ အရပ်နေရာကို ရှာဖွေရ၏။ သို့ရာတွင် အဘယ်သူသည် မိမိကိုယ်ကို စွန့်ခွာ၍ အရပ်တစ်ပါးပါးသို့ ထွက်ပြေးသွားနိုင်သနည်း။

နားနေရာ ရလိုရငြား ကျွန်ုပ်သည် အနာဂတ်ကာလကို မျှော်ရှုခြင်း ပြုကြည့်၏။ သို့ရာတွင် ကျွန်ုပ်၏ အနာဂတ်သည် အစနှင့်အဆုံး မထင်သာသော ဟင်းလင်းပြင်ကြီးနှင့် ဘာမျှမခြားဖြစ်၏။ အနန္တကောင်းကင်ပြင်တွင် အာကာသ ဝတ္ထုပစ္စည်းများ ရှိကြ၏။ အလင်းနှင့် အမှောင်လည်းရှိ၏။ ကျွန်ုပ်၏ အနာဂတ် ဟင်းလင်းပြင်မှုကား အတိုင်းအဆမရှိသော အမှောင်ထုမှတစ်ပါး မှိတ်တုတ် လင်းတုတ်ပြုတတ်သော ကြယ်ကလေး တစ်ပွင့်တလေမျှပင် မရှိ။

သက်သာရာရလိုရငြား အနာဂတ်ကာလကို ပြေးဝင်ခိုလှုံကြည့်ပြန်သော အခါတွင်လည်း အမှောင်ထု၏ ခြိမ်းခြောက်မှုနှင့်သာ ရင်ဆိုင်ခြင်း ပြုရသောအခါ ကျွန်ုပ်သည် ပစ္စုပ္ပန်ကာလ၏ ဥစ္စခွဲအတွင်းသို့ ပြန်ဝင်ရပြန်၏။ သို့ရာတွင် ပစ္စုပ္ပန်ကာလ၏ ခါးသီးပင်ပန်းလှသော ဥစ္စခွဲအတွင်း၌လည်း ကြာကြာနေ၍မရ။ မွန်းလှကျပ်လှသဖြင့် အသက်ရှူမှားမတတ်ဖြစ်ရ၏။ ထိုအခါ သွေးရူးသွေးတန်းနှင့် ပြေးမိပြေးရာသို့ ကျွန်ုပ်သည် စွတ်ရွတ်ထွက်ပြေးရင်း မိမိမေ့လျော့လျက်ရှိသည့် တစ်ခုသော ကမ္ဘာ လောကဓာတ်သို့ လွင့်စင်ရောက်ရှိ၍ သွား၏။

ထိုကမ္ဘာလောကဓာတ်သည် ကျွန်ုပ်၏ အတိတ်ကမ္ဘာပင် ဖြစ်၏။ သို့ရာတွင် ထိုကမ္ဘာလောကဓာတ်သည် အထည်ကိုယ်မရှိ၊ ရုပ်ဒြပ်နှင့် အလင်းရောင် စသည်များလည်း မရတတ်။ သို့ရာတွင် အရိပ်တော့ရှိ၏။ ထိုအရိပ်များသည် အဆင်းအရောင်၊ အထည်ကိုယ်နှင့် ရုပ်ဒြပ်တို့သာ

mgyoe.com

mgyoe.com


လျှင် မရတတ်သော်ငြားလည်း အသက်ဝင် လှုပ်ရှားနိုင်စွမ်းရှိကြ၏။

ယင်းသို့ မိမိမေ့လျော့လျက်ရှိသော ကမ္ဘာလောကဓာတ်တစ်ခုသို့ လွင့်စင်ရောက်ရှိသွားခိုက် ပြန်လည် အသက်ဝင်လာကြသော၊ လှုပ်ရှားလာကြသော ယင်းကမ္ဘာ၏ အရိပ်များကို အထည်ပြု၍ ရလိုရငြား ကျွန်ုပ် ဆုပ်ကိုင်ကြည့်ရှုမိ၏။ ကျွန်ုပ်၏ အတိတ်ကမ္ဘာတွင် ကျွန်ုပ်၏ အရိပ်များသည် အသက်ဝင်လှုပ်ရှားလျက် ရှိကြသကဲ့သို့ အခြားတစ်ပါးသော သူများ၏ အရိပ်များသည်လည်း ပြန်လည်အသက်ဝင် လှုပ်ရှားလျက် ရှိနေကြ၏။

■

mgyoe.com

mgyoe.com

# အခန်း [ ၄ ]

## ဖြစ်ခြင်းပျက်ခြင်းနှင့် အသစ်တစ်ဖန်ဖြစ်ရခြင်း

(၁)

တရုတ်စစ်ရောက်ရှိလာပြီးနောက် ကျော်စွာမင်းကို ရှမ်းတို့ ဖမ်းဆီးနန်းချလိုက်ကြသဖြင့် ပုဂံရွှေပြည် ပျက်စီးသွားသည်ဆို၏။ ယခုတစ်ဖန်လည်း ဒုတိယ မြန်မာနိုင်ငံတော်ကို အသစ်တစ်ဖန် ပြန်လည်ထူထောင်ခဲ့ကြသော တောင်ငူ–ညောင်ရမ်း မင်းဆက်၏ နောက်ဆုံး မြန်မာဘုရင်မင်းမြတ်ကို တောင်ဘက်အရပ်မှ မွန်တို့ဖမ်းဆီး ယူဆောင်သွားကြပြန်သောအခါ အင်းဝရွှေမြို့တော်လည်း ပျက်ရပြန်၏။

အင်းဝနေပြည်တော်ကို လက်နက်နိုင်ငံပြုကာ မငြိမ်မသက်ဖြစ်ပွားလျက် ရှိသော မြန်မာနိုင်ငံတော် မြောက်ဘက်တစ်လွှားကို ချုပ်ကိုင်လွှမ်းမိုးနိုင်ရေးအတွက် စစ်နိုင်သူ မွန်အမျိုးသား စစ်သူကြီးတလပန်းက စိုင်းပြင်းလုံးပန်းနေချိန်တွင် မွန်ဘုရင်မင်းမြတ်၏ သစ္စာတော်လည်း မခံလို၊ သူ၏ သုံ့ပန်းဘဝသို့လည်း အကျရောက်မခံနိုင်သည့် ကျွန်ုပ်သည် ကိုယ်လွတ်ရုန်းထွက်ကာ မြင်းတစ်စီး၊ သေနတ်တစ်လက်နှင့် မိမိ၏

mgyoe.com

mgyoe.com


သားချင်း ပေါက်ဖော်များရှိရာ မြောက်အရပ်ဘက်သို့ ထွက်ခွာလာခဲ့ရသော စစ်ပြေးတစ်ဦးမျှသာ ဖြစ်၏။ ဧရာဝတီမြစ်ရိုးအတိုင်းသားချင်းများရှိရာ မြောက်အရပ်သို့ မြင်းတစ်စီးနှင့် တစ်ယောက်တည်း ထွက်လာရစဉ် မွန်တို့လက်သို့ ပါတော်မူသွားရပြီဖြစ်သော မဟာရာဇာဓိပတိမင်းကြီးနှင့် နိုင်ငံတော်၏ အရပ်ရပ်အခြေအနေနှင့် ကြမ္မာများအကြောင်းကို ကျွန်ုပ်သည် စဉ်းစားတွေးတောလာမိ၏။

ယင်းသို့ စစ်ပြေးဘဝဖြင့် မြင်းကုန်းနှီးထက်တွင် နိုင်ငံတော်၏ အကြီးအကဲနှင့် ပြည်သူပြည်သားများ၏ ကံကြမ္မာအကြောင်း စဉ်းစားတွေးတောလာစဉ် ကိုယ့်ဟာကိုယ် ဘဝသစ်တစ်ခုနှင့် နိုင်ငံတော်သစ်တစ်ခုအတွင်းသို့ တိုးဝင်မိလျက်သားရှိနေသော မိမိအဖြစ်ကိုကား ကျွန်ုပ်မသိ၊ သိလည်းသိနိုင်စရာ အကြောင်းမရှိ။ ညအချိန်တွင် သွားလာလှုပ်ရှားခြင်းပြုရသော စစ်ပြေးတစ်ဦးမျှသာ ဖြစ်ရကား ဆန်းစလရောင်အောက်တွင် တသွင်သွင်စီးဆင်းလျက်ရှိသော မြစ်ဧရာ၏ ရေအလျဉ်ကိုမျက်ခြည်ပြတ်မသွားရအောင် သတိထားရင်း မြင်းကိုသာ သွက်သွက်နှင်ရ၏။

*

## (၂)

လောကဆိုသည်မှာ ဖြစ်ခြင်းပျက်ခြင်းအရပ်ရပ်၏ အပေါင်းအစုမျှသာ ဖြစ်၏။ တရားဓမ္မသမားများကမူ ဤလောကကို သင်္ခါရလောကဟု ဆိုတတ်ကြသည် မဟုတ်သလော။ အချို့သော သူတော်စင်များကမူ ဤလောကကို သုညဟူ၍ပင် ရည်ညွှန်းပြောဆိုလေ့ရှိကြ၏။ ထိုသို့ရည်ညွှန်းကိုးကားခြင်း ပြုသည့်အတွက် ကျွန်ုပ်ကို တရားဓမ္မသမားတစ်ဦးဟူ၍သော်လည်းကောင်း၊ သူတော်စင်ကြီးတစ်ဦးဟူ၍သော်

mgyoe.com

လည်းကောင်း အထင်အမှတ် မမှားစေလို။ ကျွန်ုပ်သည် အများနည်းတူ လောကီသားတစ်ဦးတစ်ယောက်မျှသာ ဖြစ်၏။

တောင်ငူ၊ ညောင်ရမ်းမင်းဆက်၏ နောက်ဆုံးဘုရင်မင်းမြတ် ပါတော်မူသွားရခြင်းကိုလည်းကောင်း၊ အင်းဝရွှေမြို့တော် ပျက်စီးခဲ့ရခြင်းကို လည်းကောင်း ကျွန်ုပ်သည် မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသူ တစ်ဦးလည်း ဖြစ်၏။ ထိုမျှသာ မဟုတ်သေး။ ယင်း ဒုတိယမြန်မာနိုင်ငံတော် ဆုံးပါးပျက်စီးခြင်းသို့ မရောက်ရှိစေရန်အတွက် အကြောက်အကန် အားထုတ်ခဲ့ကြသူများထဲတွင် ကျွန်ုပ်သည် တစ်ဦးတစ်ယောက်ဖြစ်၏။

ကျွန်ုပ်သည် ကြည်းတပ်မှူးတစ်ဦးမျှသာဖြစ်၏။ ထို့ကြောင့် လေ့အတတ်၌ ဘာမျှကျွမ်းကျင်သူမဟုတ်။ သို့ရာတွင် အင်းဝမြို့မပေါက်မီ မွန်တို့နှင့် အပြင်းအထန်နှင့် နောက်ဆုံးတိုက်ရသော ကုလားဝဲရေတပ် တိုက်ပွဲတွင် ကျွန်ုပ်ပါဝင်၏။ ထိုတိုက်ပွဲတွင် ကျွန်ုပ်တို့၏ တပ်မင်းမှာ တောင်ငူရာဇာကိုယ်တိုင်ဖြစ်၏။ မြန်မာတို့ ရေတပ်ပျက်၍ မြစ်ငယ်ဝက အောင်ထွန်းတံခါးဝသို့ ဝင်ကြရသောအခါ တပ်မင်းတောင်ငူရာဇာနှင့် ကျွန်ုပ်တို့နှစ်ယောက် အတူတကွ ဖြစ်ကြ၏။

တပ်မင်းနှင့် ကျွန်ုပ်တို့ တပ်မှူးငယ်များ အောင်ထွန်းတံခါးမှ မြို့တွင်းသို့ ဝင်လာကြသောအခါ ယွန်းပြည်သို့ ထွက်ပြေးရန် ကြံစည်နေသော ဘုရင်မင်းမြတ်နှင့် တွေ့ရ၏။ နိုင်ငံတော်၏ ဥသျှောင်နှင့် အကြီးအကဲသည် အလွန်တရာ ညှိုးငယ်လျက်ရှိသည်ကို သတိပြုမိ၏။ သူ၏ မျက်နှာတော်သည်လည်း ဇီးရွက်မျှလောက်ပင် မရှိတတ်တော့။အလွန် ငယ်၏။

သို့ရာတွင် ဘုရင်မင်းမြတ်၏ အကြံအစည်သည် များစွာအချိန်နှောင်းသွားခဲ့ပြီ ဖြစ်၏။ မွန်တို့ရက်ရှည်လများ ဝိုင်းရံပိတ်ဆို့ထားသဖြင့် အင်းဝမြို့တွင်းသားများသည် ငတ်မွတ်လျက်ရှိကြပြီ။ မြို့စီးပြစီးများသည်

mgyoe.com

mgyoe.com

လည်း စားလုံမျှပင် မကိုင်ဆောင်နိုင်ကြတော့။ ထို့ကြောင့် မွန်တို့က မီးပေါက်သေနတ်များနှင့် ခပ်စပ်စပ်ကလေးပစ်လျှင်ပင် မြို့စီးပြစီးများသည် မြို့ထိပ်က ဆင်းပြေးကြ၏။ ထိုအခါ မွန်တို့သည် အတွင်းမြို့တံခါးကို အလွယ်ဖွင့်၍ ဆင်လုံး၊ မြင်းလုံးနှင့် ဒလဟော စီးဝင်လာကြ၏။ ထို့နောက် စစ်နိုင်သူက စစ်ရှုံးသူတို့အပေါ် ကျင့်ကြံသော လမ်းဟောင်းအတိုင်း ကျင့်ကြံ၏။

ဘုရင်မင်းမြတ်ကို အိမ်ရှေ့မင်းအိမ်တော်တွင် မွန်တို့ တွေ့ရှိဖမ်းယူသွားကြပြီဆိုသော သတင်းကို ကျွန်ုပ်တို့ ခဏချင်းပင် ရ၏။ ထိုအခါ တပ်မင်းက ကျွန်ုပ်ကို သူ့အား ရွှေဇာတီကျောင်းတိုက်သို့ အလျင်အမြန်ပို့ဆောင်ပေးရန် အမိန့်ရှိသဖြင့် ကျွန်ုပ်သည် သူ၏ ကိုယ်ရံတော်တပ်မှူးအဖြစ်ဖြင့် သူ သွားလိုရာ ကျောင်းတိုက်အရောက် ပို့ဆောင်ပေးရ၏။ ကျောင်းတိုက်အဝင်ဝတွင် ကျွန်ုပ်နှင့် တပ်မင်းတောင်ငူရာဇာတို့သည် တစ်ဦးနှင့်တစ်ဦး နောက်ဆုံး လမ်းခွဲခြင်းပြုကြရ၏။ ဆဒ္ဒန်ဆင်မင်းကို လုပ်ကြံသော လုဒ္ဒကမုဆိုးကြီးကို အားကျကာ တပ်မင်းသည် သင်္ကန်းကို အကာအကွယ်ယူရန် ကြံစည်ဟန်တူ၏။ ကျွန်ုပ်မူကား မွန်ဘုရင်မင်းမြတ်၏ သစ္စာတော်ကိုလည်း မခံနိုင်၊ သူ၏ သံ့ပန်းဘဝသို့လည်း အကျရောက် မခံလိုသဖြင့် ည၏ အမှောင်ရိပ်ကို အကာအကွယ်ယူကာ မွန်တို့ ကောင်းစွာချုပ်ကိုင်ထားမိကြပြီဖြစ်သော အင်းဝမြို့တွင်းမှ တစ်ယောက်တည်း ကိုယ်လွတ်ရုန်း ထွက်လာခဲ့ခြင်းမျှသာ ဖြစ်၏။

*

## (၃)

အေးမြသော လရောင်အောက်တွင် မြစ်ရေသည် တသွင်သွင် စီးဆင်းလျက်ရှိ၏။ အခါကာလမှာ နွေလရာသီဖြစ်သောကြောင့် ရွက်

mgyoe.com

ဟောင်းများ ကြွေလွင့်သဖြင့် တောတောင်သည် ဟာလာဟင်းလင်း ဖြစ်နေ၏။ သို့ရာတွင် ငွေလရောင်၊ မြစ်ရေ၊ ရွက်သစ် ရွက်ဟောင်းနှင့် တောတောင်စသည်တို့၏ အလှအပတွင် ကျွန်ုပ်သည် ယစ်မူးငိုက်မျဉ်းနိုင်အားသူ တစ်ဦးကား မဟုတ်ပေ။ အလားတူပင် ဩကာသလောကတစ်ခွင်တွင် ကာရံဖွဲ့ရှာနိုင်သူတစ်ဦးလည်း မဟုတ်ပေ။ နိုင်ငံတော်ဝရုန်းသုန်းကား ဖြစ်ပွားနေချိန်တွင် ကိုယ့်အသက်တစ်ချောင်း ကိုယ်လုကာ သားချင်းပေါက်ဖော်များရှိရာ မြောက်အရပ်သို့ ပြေးလွှားနေရသောစစ်ပြေးတစ်ဦးမျှသာ ဖြစ်၏။ ထိုအကြောင်းကိုလည်း ဆိုခဲ့ပြီ။

ဒုတိယ မြန်မာနိုင်ငံတော် ဆုံးပါးပျက်စီးခြင်း မတိုင်စေရန်အတွက် အကြောက်အကန် အားထုတ်လုံးပန်းခဲ့ကြသူများထဲတွင် ကျွန်ုပ်သည် တစ်ဦးတစ်ယောက်ဖြစ်၏။ ထိုအကြောင်းကို ဝင့်ဝါလို၍ ကျွန်ုပ်ထပ်ခါတလဲလဲ ထုတ်ဖော်နေခြင်းတော့ကား မဟုတ်ပေ။ နိုင်ငံတော်သား တစ်ဦးအနေဖြင့် မိမိထမ်းဆောင်ခဲ့သော တာဝန်ဝတ္တရားအကြောင်းကို လေးနက်စေလို၍ ထပ်မံပြောကြားရခြင်း ဖြစ်၏။ သို့ရာတွင် ဖြစ်ခြင်းပျက်ခြင်းစသော ဓမ္မသဘောကို အဘယ်သူ တားမြစ်နိုင်သနည်း။ လွန်မြောက်နိုင်သနည်း။

အင်းဝခေတ်ဖြစ်သော နိုင်ငံတော် ပျက်စီးခြင်းတိုင်ခဲ့ရသည်မှာ တရားသဘောအရ အဆန်းတကြယ် ကိစ္စတစ်ရပ်လည်း မဟုတ်၊ ငိုကြွေးမြည်တမ်းစရာ အရေးအခင်းတစ်ရပ်လည်း မဟုတ်၊ သူ့သဘော သူဆောင်ခြင်းမျှသာ ဖြစ်၏။ သို့ရာတွင် တရားရှာတတ်သူနှင့် ရှာလိုသူများအတွက် များစွာ တန်ဖိုးရှိသော ကုန်ကြမ်းတစ်ရပ်ဖြစ်နိုင်၏။

အင်းဝခေတ်မတိုင်မီကလည်း ပုဂံခေတ် ပထမ မြန်မာနိုင်ငံတော်သည် ကုန်းကောက်၍မျှ ရစရာမရှိလောက်အောင် ပျက်စီးခဲ့ဖူးပြီ ဖြစ်သည် မဟုတ်သလော။ ယင်းသို့ ပျက်စီးခြင်း မတိုင်မီက ပုဂံရွှေပြည်

mgyoe.com

mgyoe.com

တော် သည် အဘယ်မျှ ခမ်းနားကြီးကျယ်သော၊ ခန့်ညားထည်ဝါသော နိုင်ငံတော် ဖြစ်သနည်း။ ပြည်သူပြည်သားများသည် ပစ္စည်းဥစ္စာများစွာ ချမ်းသာကြွယ်ဝကြ၏။ အသိတရား အလိမ္မာတရားများ ဖွံ့ဖြိုးကာ ယဉ်ကျေးသိမ်မွေ့ခြင်း ရှိ၏။ မရေမတွက်နိုင်လောက်အောင် ပေါများသော ဘုရားပုထိုးနှင့် စေတီကျောင်းကန်များ တည်ထားကိုးကွယ်ခဲ့ကြ၏။ ပုဂံရွှေပြည်ကို အိမ်နီးချင်း ထီးဆောင်းမင်းအပေါင်းတို့ကလည်း ရှိသေခန့်ညားခဲ့ကြ၏။ တိုင်းတစ်ပါးမှ ကုန်သည်ကြီးများကလည်း ပုဂံရွှေပြည်နှင့် ရောင်းဝယ်ဖောက်ကားခဲ့ကြ၏။ သို့ရာတွင် ပျက်စီးချိန်တန်သော အခါ ထိုနိုင်ငံတော်နှင့် ပြည်သူပြည်သားများ၏ ကြမ္မာကို အဘယ်သူ ပြုပြင်ဖန်တီးနိုင်သနည်း၊ စီရင်နိုင်သနည်း။

ရာဇသင်္ကြံ၊ ပညာလျှံ၊ ပုဂံပြည်လုံးကဲဟူ၍ပင် နှောင်းလူတို့ အောက်မေ့ ဂုဏ်ပြုခြင်းခံရသော ပုဂံပြည်၏ အမတ် စစ်သူကြီးသည် ကော ပျက်စီးခြင်း ချောက်ကမ်းပါးသို့ ဦးတည်ရွေ့လျားလျက် ရှိနေပြီဖြစ်သော ပထမ နိုင်ငံတော်၏ ကြမ္မာကို တားဆီးခြင်း ပြုနိုင်ခဲ့သလော။ မင်းသုံးဆက်တိုင်တိုင် နိုင်ငံတော်၏ ကြမ္မာကို စီရင်ခန့်ခွဲခဲ့သော ထိုနိုင်ငံရေး သုခမိန်သည် သူ၏ နောက်ဆုံးထွက်သက်ကို ပုဂံနေပြည်တော်၌ ရှူထုတ်ခြင်းပင် မပြု။ ကျေးစွန်ဖြစ်သော ဒလအရပ်တွင်သာ သူ၏ ဦးခေါင်းကို မြေသို့ ချသွား၏။

ပုဂံပျက်ရခြင်းနှင့် ပတ်သက်၍ အစဉ်အလာ ရာဇဝင်ဆရာကြီးများက အကြောင်းရမယ် အမျိုးမျိုးရှာဖွေ ဖော်ပြတတ်ကြ၏။ အချို့ဆရာများက တရုတ်စစ်ကို အကြောင်းပြကြ၏။ အချို့ကတော့မူ မြန်မာတို့အပြင် အခြားလူမျိုးကြီးနှစ်မျိုး ဖြစ်ကြသော ရှမ်းနှင့်မွန်တို့၏ ဖိစီးမှုကြောင့်ဟူ၍ ပြောတတ်ဆိုတတ်ကြ၏။ ထိုအကြောင်းအချက်များသည် ငြင်းဆိုရန် မရှိသော အကြောင်းအချက်များလည်း ဖြစ်၏။ သို့ရာတွင်

mgyoe.com

mgyoe.com

ထိုအကြောင်းအချက်များနှင့် လုံလောက်ခြင်းမရှိဟု ကျွန်ုပ်ထင်၏။

အင်းဝခေတ် ဒုတိယမြန်မာနိုင်ငံတော် ပျက်စီးသွားခြင်းကို ကျွန်ုပ်သည် အနီးကပ် ကြည့်ရှုခွင့်ရရှိခဲ့သူ တစ်ဦးဖြစ်၏။ ထို့ကြောင့် မျက်ဝါးထင်ထင် တွေ့မြင်ရ၏။ နိုင်ငံတော်၏ အရပ်ရပ်ကြမ္မာကို ချုပ်ကိုင်ထားသော နိုင်ငံ့အကြီးအကဲနှင့် ၎င်း၏ အစီအရင်ကို အကောင်အထည်ဖော်ကြရသော အရာထမ်း အမှုထမ်းများ အရည်အချင်း ညံ့ဖျင်းလာကြသောအခါ မလိမ္မာမိုက်မဲကြသောအခါနှင့် ဖောက်ပြန် ပျက်စီးလာကြသောအခါကာလများတွင် ထိုနိုင်ငံတော်သည် မုချပျက်စီးရတော့မည်သာဖြစ်သည် မဟုတ်သလော။

ပုဂံခေတ် ပထမမြန်မာနိုင်ငံတော်ကြီး ကုန်းကောက်မျှ၍ ရစရာမရှိလောက်အောင် ပျက်စီးသွားခဲ့ရသော အကြောင်းရင်းများအနက် ယင်းအကြောင်းသည် အခြေခံနှင့် အဓိက အကြောင်းတစ်ပါးဖြစ်၏။ ပုဂံမင်းဆက်၏ နောက်ဆုံးဘုရင်ဖြစ်သော နရသီဟပတေ့မင်းလောက်ညံ့ဖျင်းသော၊ မိုက်မဲသော၊ ရမ်းကားသော နိုင်ငံအကြီးအကဲ ဘယ်မှာရှိသေးသနည်း။ သူ့အား မင်းအဖြစ်ကို ပေးခဲ့သော အမတ်စစ်သူကြီးတစ်ယောက်လုံးထံမှ အခွင့်အာဏာနှင့် အဆောင်အယောင်များသိမ်းယူကာ နေပြည်တော်မှ အရပ်တစ်ပါးသို့ နှင်ထုတ်ခြင်း ပြုခဲ့ရုံမျှသာမကသေး၊ စောင့်စည်းအပ်သော စည်းကမ်းနှင့် ထုံးတမ်းများကို မထိမဲ့မြင်ပြုကာ တိုင်းတစ်ပါးမှ သံတမန်များကိုပင် သတ်ဖြတ်သုတ်သင်ခဲ့သူဖြစ်သည် မဟုတ်သလော။

အင်းဝခေတ် ဒုတိယ မြန်မာနိုင်ငံတော်ကြီးလည်း ယခုကဲ့သို့ထီးကျိုးစည်ပေါက် ဖြစ်သွားရသော အကြောင်းအရင်းများအနက် ယင်းအကြောင်းသည်ပင် အခြေခံနှင့် အဓိက အကြောင်းတစ်ပါး ဖြစ်သည် မဟုတ်သလော။ တောင်ငူ– ညောင်ရမ်း မင်းဆက်၏ နောက်ဆုံးဘုရင်

mgyoe.com

mgyoe.com

သည် အလားတူ မင်းညံ့မင်းဖျင်းတစ်ဦးမျှသာ ဖြစ်၏။ အင်းဝပျက်ခါနီးတွင် မြောက်ရပ်တစ်ခွင်၌ မဏိပူရမှ ကသည်းများနှင့် ကွေ့ရှမ်းများသည် များစွာ သောင်းကျန်းဆူပူလျက်ရှိကြ၏။ ကသည်း မြင်းတပ်များသည် အင်းဝမြောက်ဘက်တစ်ခွင်၌ရှိသော မြေဒူး၊ မုဆိုးဖိုနှင့် ဒီပဲယင်းစသော မြို့ပြများကို ထောင်းထောင်းကြေအောင် နှိပ်စက်ကလူပြုရုံနှင့်ရပ်တန့်မနေ၊ စစ်ကိုင်းမြို့အထိ ချီတက်လာကြပြီးလျှင် အင်းဝမြို့တော်ကိုပင် ခြိမ်းခြောက်လာကြ၏။ ထိုအချိန်တွင် ဂုဏ္ဏာအိမ်အမှုးပြုသော ကွေ့ရှမ်းများသည်လည်း ဒုတ်ဖိုနှင့် မတ္တရာနယ်များတွင် မိုလ်ဝင်ခံလျက်ရှိကြ၏။ ယင်းသို့ အင်းဝရွှေမြို့တော်ကို မြောက်ဘက်တစ်လွှားမှ ကသည်းနှင့် ကွေ့ရှမ်းများ ခြိမ်းခြောက်လျက်ရှိစဉ် နိုင်ငံတော်၏ အကြီးအကဲသည် နန်းရင်ပြင်၌ စောင်းတီးခတ်လျက်ရှိ၏။ အလားတူပင် အင်းဝနေပြည်တော် တောင်ဘက်တစ်ခွင်မှ မွန်လူမျိုးများသည် အုံးအုံးကြွက်ကြွက် မင်းလောင်းတင်မြှောက် နေချိန်တွင်လည်း ထိုမင်းသည် အလေးထားအရေးယူရကောင်းမှန်း သတိမရ။ သူ အထုံဝါသနာအားကြီးသော ကဗျာလင်္ကာတစ်ပုဒ်ရေးစပ်ရန် ကာရံဖွေရှာလျက် ရှိ၏။

ပထမနှင့် ဒုတိယ မြန်မာနိုင်ငံတော်၏ နောက်ဆုံးဘုရင်များသည် အရည်အချင်း ညံ့ဖျင်းရာတွင် တူညီကြ၏။ အလားတူပင် မိုက်မဲရာတွင်လည်း ဘာများ ခြားနားကြသေးသနည်း။ စစ်ပြေးဘဝဖြင့် မြင်းကုန်းနှီးထက်တွင် မွန်တို့ ဖမ်းဆီးယူသွားခြင်းခံရသော နိုင်ငံတော်၏ အကြီးအကဲနှင့် မွန်တို့လက်အောက်သို့ ကျရောက်ခဲ့ကြရပြီဖြစ်သော ပြည်သူပြည်သားများ၏ ကြမ္မာအကြောင်း စဉ်းစားတွေးတောလာစဉ် ကိုယ့်ဟာကိုယ်ဘဝသစ်တစ်ခုနှင့် နိုင်ငံတော်သစ်တစ်ခုအတွင်းသို့ တိုးဝင်မိလျက်သားရှိနေသော မိမိအဖြစ်ကိုကား ကျွန်ုပ်မသိ၊ သိလည်း သိနိုင်စရာအကြောင်းမရှိ။ အကာလညအချိန်တွင် သွားလာလှုပ်ရှားခြင်းပြုရသော

mgyoe.com

စစ်ပြေးတစ်ဦးမျှသာလျှင် ဖြစ်ရကား ဆန်းစလရောင်အောက်တွင် တသွင်သွင် စီးဆင်းလျက်ရှိသော မြစ်ဧရာ၏ ရေအလျဉ်ကို မျက်ခြည် ပြတ်မသွားရအောင် သတိထားရင်း မြင်းကိုသာ သွက်သွက်နှင်ရ၏။ တစ်ခါတစ်ခါတွင်လည်း ရွက်ဟောင်းများ ကြွေလွင့်လျက်ရှိကြသဖြင့် ဟာလာဟင်းလင်းနိုင်လှသော တောတောင်များကို ငေးမောကြည့်ရှုရင်း ရင်တွင်း၌ လှုပ်ရှားလျက်ရှိ၏။

*

(၄)

ဖြစ်ခြင်းပျက်ခြင်းအရပ်ရပ်၏ အပေါင်းအစုကို လောကဆိုကြ ၏။ ထိုအကြောင်းကို ဆိုခဲ့ပြီ။ တစ်ချိန်တည်းမှာပင် ကျွန်ုပ်သည် လောကုတ္တရာသား တစ်ဦးတစ်ယောက် မဟုတ်သေးဘဲ သူလိုငါလို လောကီသားတစ်ဦးမျှသာ ဖြစ်ကြောင်းလည်း ဆိုခဲ့ပြီ။

ဖြစ်ခြင်းပျက်ခြင်း ဓမ္မတရားသည် တစ်ခုတည်းမဟုတ်သကဲ့သို့ တစ်ခုစီဟူ၍လည်း ကတ္တားခြားမရသော တရားဓမ္မဖြစ်၏။ ဖြစ်ခြင်း၌ ပင် ပျက်ခြင်းဗီဇ၊ သို့မဟုတ် တရားသည် ပေါင်းစည်းလျက်ရှိသကဲ့သို့ ပျက်ခြင်း၌လည်း အသစ်တစ်ဖန်ဖြစ်ခြင်း ဗီဇ၊ သို့မဟုတ် တရားသည် ပေါင်းစည်းလျက် ရှိသည် မဟုတ်သလော။

ပုဂံခေတ် ပထမမြန်မာနိုင်ငံတော်၏ ဖြစ်လာခြင်း၌ ပျက်စီးရမည့် ဗီဇသည် ပါရှိလာသကဲ့သို့ ပုဂံရွှေပြည် ပျက်စီးရခြင်း၌ အင်းဝခေတ် ဒုတိယမြန်မာနိုင်ငံတော် အသစ်တဖန် ဖြစ်ထွန်းပေါ်ပေါက်ရမည့် ဗီဇ ပါရှိ၏။ ထို့ကြောင့်သာ ပုဂံရွှေပြည် ပျက်စီးသွားရပြီးနောက် နှစ်ပေါင်း ၂၀၀ သာသာခန့်အကြာတွင် အင်းဝခေတ် ဒုတိယမြန်မာနိုင်ငံတော်သည် အသစ်တဖန် ပြန်လည်ပေါ်ထွန်းလာရခြင်းဖြစ်သည် မဟုတ်သလော။

mgyoe.com

mgyoe.com

အင်းဝခေတ် ဒုတိယမြန်မာနိုင်ငံတော်သည်လည်း နှစ်ပေါင်း ၂၀၀ သာသာခန့်မျှ သက်ဆိုးရှည်၏။ ယင်းနိုင်ငံတော်ကို စည်းရုံးရှေ့ဆောင် ခဲ့ကြသော တောင်ငူ– ညောင်ရမ်းမင်းဆက် (၁၁) ဆက်ရှိ၏။ ပုဂံမင်း ဆက်ဘုရင်များသည် ထင်ရှားကျော်ကြားခဲ့ကြသည့်နည်းတူ တောင်ငူ– ညောင်ရမ်းမင်းဆက် ဘုရင်များသည်လည်း ဘုန်းတန်ခိုးတေဇော ကြီး မားခဲ့ကြ၏။ တပင်ရွှေထီးနှင့် ဘုရင့်နောင်ကျော်ထင်အနော်ရထာတို့ သည် ဒုတိယခေတ် မြန်မာနိုင်ငံတော်၏ အုတ်မြစ်ကို ကောင်းစွာချထား ပေးခဲ့ကြသော နိုင်ငံရေး ဗိသုကာကြီးများ ဖြစ်ကြသည် မဟုတ်သလော။ သို့ရာတွင် ထိုအကြီးအကဲ နှစ်ဦးတို့သည် မွန်တို့ဌာနေ ဖြစ်သော ဟံသာ ဝတီ၌ အခြေစိုက်ခဲ့ကြ၏။ မွန်–မြန်မာ စည်းလုံးညီညွတ်ရေးကို ကောင်း စွာ ရယူတည်ဆောက်ကာ ရှမ်းတို့၏ ကိုယ်ပိုင်အုပ်ချုပ်ရေးကိုလည်း လေးလေးစားစား အသိအမှတ် ပြုခဲ့ကြ၏။ စစ်များသော နန္ဒဘုရင်လက် ထက်တွင် နိုင်ငံတော်သည် ယိမ်းယိုင်၏။ သို့ရာတွင် ၎င်း၏ညီတော် ညောင်ရမ်းမင်းသားကြီးက အင်းဝအရပ်ကို အခြေစိုက်အားပြုကာ ဒုတိယမြန်မာနိုင်ငံတော်ကို ပြန်လည် ထိန်းမတ်နိုင်ခဲ့၏။ ညောင်ရမ်း မင်းဆက်တွင် အနောက်ဘက်လွန်နှင့် သာလွန်တို့ မင်းညီနောင်နှစ်ဦး သည် ကြီးကျယ်ထင်ရှား၏။ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိန်းသိမ်းနိုင်စွမ်းရှိရုံမျှသာမက စွမ်းပကား တိုးတက်လာအောင် စည်းရုံး ရှေ့ဆောင်နိုင်ခဲ့ကြ၏။ သို့ရာတွင် ၎င်းတို့ကို ဆက်ခံကြသော နောက် မင်းဆက်ဘုရင်များမူကား တစ်စထက်တစ်စ အရည်အချင်း ဆုတ်ယုတ် ညံ့ဖျင်းလာကြရာ နောက်ဆုံးဖြစ်သော မဟာဓမ္မရာဇာဓိပတိသို့သာ တိုင် ၏။

ယင်းသို့ အင်းဝခေတ် ဒုတိယမြန်မာနိုင်ငံတော် ဖြစ်လာရခြင်း၌ ပျက်စီးရမည့် ဗီဇသည် ပါရှိလာ၏။ အဖြစ်တရားအားကြီးစဉ် အပျက်

mgyoe.com

ဗိဇသည် ငုပ်လျှိုးလျက်ရှိနေခဲ့သော်လည်း အချိန်၏ ဖိစီးမှုကြောင့် အဖြစ်တရား အားဆုတ်လာချိန်တွင် အပျက်ဗိဇသည် ရှင်သန်အား ကောင်းလာ၏။

သာလွန်မင်းတရားကို ဆက်ခံသော သားတော် ပင်းတလဲမင်း နန်းသက်တွင် နိုင်ငံတော်၏ အပျက်ဗိဇသည် ရှင်သန်အားကောင်းစ ပြုလာသည်မှာ ထင်ရှားသိသာ၏။ ထိုမင်းလက်ထက်တွင် မြန်မာတို့နှင့် အိမ်နီးချင်းဖြစ်သော တရုတ်နိုင်ငံတွင် မင်းဆက်အပြောင်းအလဲများ ဖြစ်ပွား ပေါ်ပေါက်၏။ အားကြီးသော မန်ချူးမင်းဆက်ဘုရင်များက အား ဆုတ်လာသော မင်မင်းဆက်ဘုရင်များကို တရုတ်နိုင်ငံမှ တိုက်ခိုက် မောင်းထုတ်၏။ ထိုအခါ အားမတန်သော မင်မင်းဆက်၏ နောက်ဆုံး ဘုရင်ဖြစ်သူ ရုံလီသည် သူ၏ နောက်လိုက်နောက်ပါများနှင့် မြန်မာ နိုင်ငံအတွင်းသို့ ပြေးဝင်ခိုလှုံလာ၏။ ရုံလီနှင့် သူ၏ ရုံးအဖွဲ့သည် မြန်မာတို့ နေရာချပေးခြင်းပြုသော စစ်ကိုင်းအရပ်တွင် နိုင်ငံရေးခိုလှုံ သူများ ပီသစွာ ကောင်းကောင်းမွန်မွန် နေထိုင်ကြ၏။ သို့ရာတွင် သူ၏ နောက်လိုက်နောက်ပါ တပ်သားများမှုကား ခိုလှုံခြင်းပြုရသော သူတစ်ပါး တိုင်းနိုင်ငံအတွင်း အေးအေးချမ်းချမ်း နေထိုင်ခြင်း မပြုကြ။ အရှေ့ဘက် ရှမ်းနယ်များတလွှားတွင် သောင်းကျန်းလုယက်ကြ၏။ နောက်ဆုံး မြန် မာတို့၏ စပါးကျီဆိုရသော ကျောက်ဆည်လယ်တွင်း နယ်များအတွင်း သို့ပင် ကျူးကျော်ဝင်ရောက်လာကြ၏။ ထိုအခါ နိုင်ငံတော်သည် မငြိမ် မသက် ဖြစ်လာရ၏။ ဆူပူလှုပ်ရှားလာ၏။ လယ်လုပ်သူများသည် လယ်ထဲသို့ မဆင်းရဲ မဝင်ဝံ့ဖြစ်လာကြ၏။ ထိုအခါ ဆန်စပါး ကောက်ပဲ သီးနှံများ မထွက်ဘဲ ရှိ၏။ ဆန်စပါးမထွက်သဖြင့် နိုင်ငံတော်တစ်ဝန်း ဆန်စပါးရှားပါးကာ ငတ်မွတ်ခေါင်းပါးခြင်းဘေးဆိုက်၏။ ပြည်သူ ပြည်သားများလည်း ဒုက္ခပင်လယ်ဝေ၏။

mgyoe.com

ယင်းသို့ တရုတ်စစ်ပြေးများ ရမ်းကားနှိပ်စက်၍ နိုင်ငံတော်တဝှမ်း ဆန့်ရေစပါး ရှားပါးဈေးကြီးခိုက် ပင်းတလဲမင်း၏ မိဖုရားနှင့် မောင်းမိသံများသည်လည်းကောင်း၊ ရွှေနန်းတွင်း အရာထမ်းများသည်လည်းကောင်း၊ မင်းမိန့်နှင့် သိမ်းဆည်းသိုလှောင်ထားသော ကျီတော်ရှိ စပါးများကို ငတ်မွတ်နေသော ပြည်သူပြည်သားများထံ မတန်တဆ အမြတ်တင်ရောင်းချကာ သူဌေးဖြစ် ကြကုန်၏။ အင်းဝရွှေမြို့တော်သည် ဆန်ဈေးကြီး ဖြစ်လာ၏။ အရပ်ရပ် အနယ်နယ်မှ ငတ်မွတ်နေကြသူများသည် နေပြည်တော်သို့ အလုအယက် တက်လာကြပြီးလျှင် ရွှေနန်းတော်နှင့် နီးစပ်သူများထံ ချဉ်းကပ်ကာ ဆန်ဝယ်ခြမ်းကြရ၏။ ပေးဝယ်စရာမရှိလျှင်အငတ်ခံ၍ သေကျေကြရ၏။ ယင်းသို့ ပင်းတလဲမင်း၏ မလိမ္မာမိုက်မဲမှုနှင့် ညံ့ဖျင်းမှုများကို မခံမရပ်နိုင်သည့်အဆုံးတွင် ပြည်သူပြည်သားများအတွက် အခြားနည်းလမ်းမရှိသဖြင့် ထိုမင်းကို ဖယ်ရှားပစ်လိုက်ကြရ၏။

ပင်းတလဲမင်းနောက်ပိုင်း အင်းဝရွှေနန်းကို ဆက်ခံစိုးစံခဲ့ကြသော တောင်ငူ–ညောင်ရမ်းမင်းဆက် ဘုရင်များသည် ဘိုးဘွား၏ အမွေကို သက်သက်မဲ့ သုံးဖြုန်းထိုင်စားလျက် ရှိကြသော သူဌေးသား လူမိုက်များသာ ဖြစ်ကြ၏။ ထို့ကြောင့် နိုင်ငံတော်၏ အဖြစ်ပိုင်းစွမ်းပကားသည် အကျပိုင်းသို့ ကျွမ်းစိုက်ကျဆင်းကာ အပျက်၏ ဗီဇအား တစ်စထက်တစ်စ အရှိန်အဟုန်ရလာခြင်းမျှသာလျှင် ဖြစ်၏။ ယင်းအပျက်ဗီဇ၏ အရှိန်အဟုန်သည် တောင်ငူ–ညောင်ရမ်းမင်းဆက်၏ နောက်ဆုံးဘုရင်ဖြစ်သော မဟာဓမ္မရာဇာဓိပတိမင်း နန်းသက်တွင် အထွတ်အထိပ်သို့ တိုင်လေ၏။

မည်ကဲ့သို့ပင်ဖြစ်စေ။ တာဝန်သိတတ်သော နိုင်ငံတော်သား တစ်ဦးတစ်ယောက်အနေဖြင့် ပျက်ခြင်းကို အဖြစ်နိုင်ဆုံးနှင့် အတတ်နိုင်

mgyoe.com

mgyoe.com


ဆုံး အချိန်ဆွဲထားနိုင်ရေးအတွက် မိမိကိုယ်စွမ်းရှိသလောက် ဉာဏ်စွမ်းရှိသလောက် ကျွန်ုပ်သည် အားထုတ်လုံးပန်းခဲ့ပြီးလေပြီ။ အင်းဝခေတ် ဒုတိယ မြန်မာနိုင်ငံတော်ကို ကာကွယ်ရန်အတွက် ကျွန်ုပ်သည် အမတ်ငယ်အဖြစ်ဖြင့်လည်းကောင်း၊ တပ်မှူးအဖြစ်ဖြင့်လည်းကောင်း အမှုထမ်းခဲ့ပြီ။ တပ်မှူးအဖြစ်ဖြင့် အမှုတော်ထမ်းဆောင်ရင်း ကသည်းတပ်များ၊ ကွေ့ရှမ်းတပ်များ၊ မွန်တပ်များနှင့် အကြိမ်ကြိမ်အခါခါလည်း တိုက်ခိုက်ခဲ့ဖူးလေပြီ။ ကျွန်ုပ်၏ ကိုယ်တွင် သေနတ်ကျည်ရာများ၊ ဓားနှင့် လှံချက်များ အများအပြားပင် ရှိ၏။

*

## (၅)

သို့ရာတွင် ယခုအခါ လူတို့ ပြုပြင်ရုံသာ ပြုပြင်နိုင်လျက် လွန်မြောက်ခြင်းငှာ မတတ်နိုင်ကောင်းသော ဓမ္မတရားသဘောအရ အင်းဝခေတ် မြန်မာနိုင်ငံတော်ကြီးသည် ကုန်းကောက်၍ ဘာမျှရစရာမရှိအောင် ပျက်စီးခြင်း တိုင်ခဲ့ရလေပြီ။

ကြည့်ပါ...။

နိုင်ငံတော်၏ တံဆိပ်အမှတ်အသားဖြစ်သော ဘုရင်မင်းမြတ်ကို မွန်တို့ ဖမ်းဆီးထားမိကြပြီ ဖြစ်သည် မဟုတ်သလော။ နိုင်ငံတော်၏ တန်ခိုးအာဏာ တံဆိပ်အမှတ်အသားဖြစ်သော ကာကွယ်ရေးတပ်ဖွဲ့များကော အဘယ်မှာ ရှိသေးသနည်း။ လက်နက်ကိုင်တပ်များ၏ တပ်မင်းကြီးတောင်ငူရာဇာသည် သူ၏ ကိုယ်ကို ခုခံကာကွယ်ရန် ကိုယ်ရံတော်တပ်ဖွဲ့ တစ်တပ်မျှလောက်ပင် မရတတ်သဖြင့် သက်န်းခြုံကာ အကာအကွယ်ယူနေရပြီဖြစ်သည် မဟုတ်သလော။

ယင်းသို့ နိုင်ငံတော်၏ အမှတ်အသားနှင့် ကာကွယ်ရေးတပ်ဖွဲ့

mgyoe.com

mgyoe.com


များ ပျက်စီးရသောအချိန်နှင့် အခြေအနေမျိုးတွင် ပြည်သူပြည်သားများသည် ဘာလုပ်၍ ဘာကိုင်နိုင်ကြဦးမည်နည်း။

ကျွန်ုပ်မှုကား မွန်ဘုရင်မင်းမြတ်၏ သစ္စာတော်ကိုလည်း မခံနိုင်၊ သူ၏ သုံ့ပန်းအဖြစ်သို့လည်း အကျရောက် မခံလိုသဖြင့် အင်းဝ မြို့ပျက်ကြီးအတွင်းမှ အကာလညအခါတွင် မြင်းတစ်စီး၊ သေနတ်တစ်လက်နှင့် ကိုယ်လွတ်ရုန်း ထွက်ခွာလာခဲ့သော စစ်ပြေးတစ်ဦးမျှသာ ဖြစ်၏။ ကျွန်ုပ်သည် မြောက်ခွင်သားဖြစ်၍ မိမိ၏ သားချင်းပေါက်ဖော်များရှိရာ မြောက်အရပ်သို့ ဧရာဝတီမြစ်ရိုးအတိုင်း ထွက်လာခဲ့ခြင်းလည်း ဖြစ်၏။

ယင်းသို့ စစ်ပြေးဘဝဖြင့် မြင်းကုန်းနှီးထက်တွင် နိုင်ငံတော်၏ အကြီးအကဲနှင့် ပြည်သူပြည်သားများ၏ ကြမ္မာအကြောင်းကို စဉ်းစားတွေးတောလာစဉ် ကိုယ့်ဟာကိုယ် ဘဝသစ်တစ်ခုနှင့် နိုင်ငံတော်သစ်တစ်ခုအတွင်းသို့ တိုးဝင်မိလျက်သားရှိနေသော မိမိ၏ အဖြစ်ကိုကား ကျွန်ုပ်မသိ။ သိနိုင်စရာအကြောင်းလည်း မရှိ။ ညအချိန်များတွင်သာ သွားလာလှုပ်ရှားခြင်း ပြုရသော စစ်ပြေးတစ်ဦးမျှသာ ဖြစ်ရကား ဆန်းစလရောင်အောက်တွင် တသွင်သွင် စီးဆင်းလျက်ရှိသော မြစ်ဧရာ၏ ရေအလျဉ်ကို မျက်ချည်ပြတ်မသွားရအောင် သတိထားရင်း မြင်းကိုသာ သွက်သွက်နှင်ရ၏။

■

mgyoe.com

mgyoe.com

# အခန်း [ ၅ ]

## မြောက်အရပ်တစ်ခွင်ဝယ်

(၁)

လသည်ပင် တော်တော်ကလေး စောင်းသွားပြီဖြစ်၏။ နေ့သည် တစ်ဖန်ပြန်သစ်ရန် အချိန်များစွာ ကျန်ရှိလှတော့မည် မဟုတ်။ ထို့ကြောင့် ဝီရိယရှိရှိဖြင့် မြင်းကို နှင်ရ၏။ အင်းဝမြို့ပျက်ကြီးအတွင်းမှ ထွက်လာရကတည်းက ဒုံးစိုင်းလာခဲ့ရသည် ဖြစ်သောကြောင့် မြင်းသည်လည်း တော်တော်ကလေး ပန်းနေလောက်ပြီ ဖြစ်၏။ ချွေးများပင် ယိုစီးစွတ်စိုလျက်ရှိ၏။ အင်းဝမှ ခရီးသုံးသောင်းထက် နည်းမည်မဟုတ်သော အရပ်နေရာသို့ သွားရမည် ဖြစ်ရကား မြင်း၏ အခြေအနေကိုလည်း အထူးသတိထားရ၏။ လမ်းခုလတ်တွင် ထိုသတ္တဝါတစ်ခုခုဖြစ်သွားပါက မခက်သလော။ ထို့ကြောင့် ခရီးတစ်တိုင်ခွဲသာသာ၊ နှစ်တိုင်ခန့် ပေါက်လျှင်-ထိုယာဉ်ကို တအောင့်တဖြုတ် အနားပေးရ၏။ အပန်းဖြေစေရ၏ ။

စစ်ပြေးတစ်ဦးဖြစ်ရကား ကျွန်ုပ်သည် ညသမားဖြစ်လာ၏။

mgyoe.com

mgyoe.com


နေ့အချိန်တွင် ခရီးသွားလာ လှုပ်ရှားခြင်းကို ရပ်ဆိုင်းထားရပြီးလျှင် လူသူနှင့်ဝေး၍ အရိပ်အာဝါသလည်းကောင်းသော ချောင်ကောင်းကောင်း တစ်နေရာတွင် နေခိုရ၏။ အလျှဉ်းသင့်သောအခါများမှသာ အာဟာရ နှင့် တွေ့ရ၏။ မြင်းအတွက်မူကား မြက်နှင့်ရေမျှလောက် ရတတ်လျှင် ကိစ္စပြီးစီးနိုင်၏။

ကျွန်ုပ်သည် ညသမားမလုပ်၍ မဖြစ်။ အင်းဝမြောက်ဘက် တစ်လွှားတွင် တိုင်းပျက် ပြည်ပျက်ကြီးဖြစ်နေပြီ မဟုတ်သလော။ တိုင်းပြည်ပျက်သောအခါ တရားဥပဒေဆိုသောအရာသည် မရှိတော့။ အားရှိသူနှင့် လက်နက်ကိုင်နိုင်သော သူသည်သာ တရားဥပဒေဖြစ်၏။ ထိုသူများသာ သက်ဦးဆံပိုင်နှင့် ရေမြေသခင်ဖြစ်၏။

အင်းဝမှအထွက်ဖြစ်သော မတ္တရာနှင့် အုတ်ဖိုနယ်များတလွှားတွင် ကွေ့ရှမ်းများ ထူပြောအားကောင်း၏။ ဂုဏ္ဏာအိမ် အမည်ရှိသော အကြီးအကဲတစ်ဦးသည် နှစ်ကာလအတန်ကြာကပင် ရသမျှ လူသူများ သိမ်းသွင်းစည်းရုံးကာ ဗိုလ်ခံဝင်လျက်ရှိ၏။ အချို့သော မွန်နှင့် မြန်မာအမျိုးသား အများအပြားပင် ကွေ့ရှမ်းအကြီးအကဲလက်အောက်သို့ ဝင်ရောက်အမှုထမ်းနေကြပြီဆိုသော သတင်းကို ကြားဖူး၏။ အင်းဝမပျက်မီကပင် ဂုဏ္ဏာအိမ်သည် မြန်မာနိုင်ငံကို ချုပ်ကိုင်၍ ကွေ့ရှမ်းမင်းဆက်ကို ထူထောင်ရန် ကြံစည်စိုင်းပြင်းလျက်ရှိကြောင်း ငစဥ့်ကိုင်တွင် တောင်ငူရာဇာရှိစဥ်ကတည်းက ပြောသံဆိုသံများ ကြားရ၏။ ဂုဏ္ဏာအိမ်သည် လက်ရုံးကောင်း တစ်ဦးသာဖြစ်သည်မဟုတ်။ အစည်းအရုံး အသိမ်းအသွင်းပါ ကောင်းလှကြောင်း ကျော်ကြား၏။

ကျွန်ုပ်သည် စွန့်စားရေးသမား တစ်ဦးတစ်ယောက်မဟုတ်ချေ။ မလွှဲသာမရှောင်သာသော အကြောင်းများနှင့် အခြေအနေများကြောင့်သာလျှင် လက်နက်ကိုင်တိုက်ခိုက်ရေးသမား တစ်ဦးလုပ်ကိုင် လာခဲ့ရ

mgyoe.com

ခြင်း ဖြစ်၏။ တတ်နိုင်၊ ဖြစ်နိုင်လျှင် မိမိသားချင်းပေါက်ဖော်များရှိရာ ကိုယ့်ရပ်ကိုယ့်ရွာတွင်သာ လွတ်လွတ်လပ်လပ် နေထိုင်လိုသူ ဖြစ်၏။ မိရိုးဖလာ ထွန်ယက်လုပ်ကိုင်လာခဲ့သော တောင်ယာပဲခင်းကို အေးအေး ချမ်းချမ်း လုပ်ကိုင်စားသောက်လိုသူ တစ်ဦးလည်း ဖြစ်၏။ ထို့ကြောင့် ကွေ့ရှမ်းတို့၏ အကြီးအကဲ ဂုဏ္ဏာအိမ်နှင့် ၎င်း၏ လက်ထောက်များ ကောင်းစွာ ချုပ်ကိုင်ထားကြပြီဖြစ်သော မတ္တရာနှင့် အုတ်ဖိုနယ်များကို မြင်းတစ်စီး၊ သေနတ်တစ်လက်နှင့် ဖြတ်သန်းလာရစဉ် ကျွန်ုပ်သည် ကြီးစွာ သတိထားရ၏။ စင်စစ် ကျွန်ုပ်သည် သေနတ်ကိုပင် ကိုင်ဆောင် ခြင်း ပြုလိုလှ၍ မဟုတ်။ လမ်းခရီးအကြားတွင် မိမိကိုယ်ကို ကာကွယ် စောင့်ရှောက်ရန်အတွက် မလွှဲမရှောင်သာ ဆွဲယူလာခဲ့ခြင်းမျှသာ ဖြစ်၏။

*

(၂)

အင်းဝမြို့ပျက်ကြီးအတွင်းမှ ကိုယ်လွတ်ရုန်းထွက်လာခဲ့ရပြီး နောက် ခရီးငါးတိုင်သာသာခန့် သွားမိလျှင်ပင် အစောင့်အကြပ်များ ထူထပ်စွာ ချထားဟန်ရှိသော ကွေ့ရှမ်းအကြီးအကဲ၏ နယ်မြေအတွင်း သို့ ဝင်ရောက်ခြေချမိကြောင်း ကျွန်ုပ်တွေ့ရှိလိုက်ရ၏။

"ဟေ့... ညကြီး အချိန်မဟုတ် မြင်းတစ်စီးနဲ့ ခရီးသွားတာ ဘယ်သူလဲ... ရပ်လိုက်" ဟူသော စိန်ခေါ်မေးမြန်းသံနှင့် ဆင့်ဆိုသံများ ကို ကြားရ၏။

စိန်ခေါ်မေးမြန်းသူနှင့် ဆင့်ဆိုသူ၏ အသံမှာ မာကျော၏။ ၎င်း အပြင် သူ၏ ဘာသာစကားမှာ မြန်မာဘာသာစကားမဟုတ်။ ကွေ့ရှမ်း ဘာသာ စကားဖြစ်၏။

ကျွန်ုပ်သည် ကွေ့ရှမ်းဘာသာစကားကို ထမင်းစားရေသောက်

mgyoe.com

mgyoe.com

လောက် တတ်ကျွမ်းနားလည်သူ ဖြစ်၏။ ထို့ကြောင့် ကောင်းစွာသိရှိနားလည်၏။ ထို့ကြောင့် ထိုသို့ အမေးအဖြေန်းအဆင့်ဆို ခံလိုက်ရကတည်းက ကွေ့ရှမ်းအမျိုးသား ကင်းတပ်သားများနှင့် ပက်ပင်းတိုးမိနေပြီဆိုသော မိမိ၏ အခြေအနေကိုလည်း ကောင်းစွာ သိရှိနားလည်လိုက်ရ၏။

ကျွန်ုပ်ဘာလုပ်ရမည်နည်း။ ထိုအတွေးသည် ဦးခေါင်းတွင်းသို့ တစ်ခါတည်း ဝင်လာ၏။ သို့ရာတွင် ဘာမျှမလုပ်မီ မိမိရင်ဆိုင်နေရသော အခြေအနေကို ရှေးဦးစွာ သိရှိထားရန် သာ၍ အရေးမကြီးသလော။

အသံလာရာသို့ ကျွန်ုပ်သည် ရုတ်တရက် လှမ်းကြည့်လိုက်ရ၏။ လရောင်ရှိသဖြင့် ဝါးတစ်ရိုက်သာသာ၊ နှစ်ရိုက်ခန့်လောက်ကို တွေ့ရှိရ၏။ သူတို့လက်ဝယ်တွင် ဓားလှံများလောက်သာ တွေ့ရပြီး သေနတ်များ ပါရှိသည်ကို မတွေ့ရသဖြင့် ကျွန်ုပ်သည် စိတ်သက်သာရာရသွား၏။ မည်ကဲ့သို့ပင်ဖြစ်စေ၊ ကျွန်ုပ်သည် ထိုကင်းတပ်သားများနှင့် တိုက်ခိုက်ရန်အတွက် တိုက်ကွက်ရှာဖွေနေသူတစ်ဦး မဟုတ်ပေ။ ကိုယ့်ရပ်ကိုယ့်ရွာသို့ ပြန်ရသော စစ်ပြေးတစ်ဦးသာ ဖြစ်၏။ ထို့ကြောင့် ထိုသူများကို အတတ်နိုင်ဆုံးရှောင်ကွင်းကာ အခြားတစ်ပါးသောလမ်းမှ ကိုယ်သွားလိုရာ အရပ်နေရာသို့ သွားရန် ဆုံးဖြတ်လိုက်၏။

ယင်းသို့ ဆုံးဖြတ်ပြီးစီးလျှင် ပြီးစီးခြင်း ထိုကင်းတပ်သားများ၏ စိန်ခေါ်မေးမြန်းသံနှင့် ဆင့်ဆိုသံများကို ရုတ်တရက်ကျောခိုင်းလိုက်၏။ ထို့နောက် မြင်းကို ဇက်လွှတ်ပေးပြီးလျှင် ကြိမ်တို့လိုက်၏။

ကျွန်ုပ်နောက်သို့ ကင်းသမားများသည် ညာသံပေး၍ လိုက်လာကြ၏။ သို့ရာတွင် မြင်းကုန်းနှီးထက်မှ လူတစ်ဦးကို အဘယ် ခြေလျင်သမားများသည် မီအောင် လိုက်နိုင်ကောင်းသနည်း။

ခရီးငါးရာတွင်း သာသာခန့် မြင်းကို ကောင်းစွာ စိုင်းမိလျှင်ပင်

mgyoe.com

နောက်မှ လိုက်သော ကင်းသမားများသည် ဝေးစွာ ပြတ်ကျန်ခဲ့ကြ၏။ ထို့ကြောင့် ခြေ တော်တော်ကုန်နေပုံရသော မြင်းကို အရှိန်လျှော့ကာ အခြားသော လမ်းတစ်ခုမှ မိမိ၏ ခရီးကို ဆက်ရန် ကျွန်ုပ်သည် ဟိုဟို သည်သည် ကြည့်ရ၏။ ၎င်းအပြင် ဂုဏ္ဌာအိမ်၏ နယ်မြေကိုဖြတ်ကာ ခရီးဆက်၍ ဖြစ်ပါဦးမည်လားဆိုသောအချက်ကိုပါ ကျွန်ုပ်သည် အလေးအနက် စဉ်းစားလာရ၏။

ပန်းနေသော မြင်းကို အနားပေးကာ တွေးတော စဉ်းစားနေခိုက် မှာပင် ကျွန်ုပ်နောက်မှ ကဆုန်ပေါက်ကာ လိုက်ချလာသော မြင်းခွာသံ များကို ရုတ်တရက် ကြားလိုက်ရပြန်၏။ အဘယ်နည်း။ ခွာသံကိုဆ၍ မြင်းသမားလေးငါးဦးထက် မနည်းတန်ရာဟု ခန့်မှန်းရ၏။ ထိုမြင်းစီး သမားများသည် စောစောက ကျွန်ုပ်ကို အရဖမ်းရန် နောက်မှ လိုက်လံ ခဲ့ကြသော ကင်းသမားများ၏ အဆက်မှ တစ်ပါး အခြားဘာဖြစ်နိုင်စရာ ရှိပါဦးမည်နည်း။

ကျွန်ုပ်ဘာလုပ်ရမည်နည်း။ လျင်မြန်စွာ စဉ်းစားဆုံးဖြတ်ရမည် ဖြစ်၏။ ယင်းအခြေအနေမျိုး၌ အချိန်သည် များစွာ အရေးကြီး၏။ တန်ဖိုးလည်း ကြီး၏။

ကျွန်ုပ်၏မြင်းသည် ထိုညက ငါးတိုင်သာသာ ခြောက်တိုင်ခန့်မျှ ခရီးပြင်းနှင်ခဲ့ရသော သတ္တဝါဖြစ်၏။ နောက်မှလိုက်လာကြသော မြင်း များ၏ အခြေအနေမှန်ကိုမူကား ကျွန်ုပ်ကေန်မသိပေ။ မည်သို့ပင်ဖြစ် စေ၊ တစ်ယောက်နှင့်အများ ဖြစ်ပြန်သည့်အပြင် မြင်းအခြေအနေချင်း လည်း ခွဲခွဲခြားခြား ပိုင်ပိုင်နိုင်နိုင် သိရှိနိုင်သည် မဟုတ်သောကြောင့် ပြေးဖို့အရေးထက် ကျွန်ုပ်သည် ရှောင်ဖို့တိမ်းဖို့ အရေးကို လျင်မြန်စွာ စဉ်းစားခြင်းပြုရ၏။ ရှောင်ရှားရမည့် နေရာကိုလည်း ဟိုမှာသည်မှာ ကြည့်ရှုရှာဖွေရ၏။

mgyoe.com

mgyoe.com

စစ်တို့၏ သဘောသည် မိမိမနိုင်လောက်သော ရန်သူကို ရှောင်ရှားရန်ပင် ဖြစ်သည်မဟုတ်သလော။ ကိုယ်က နိုင်လောက်ပိုင်လောက်မှ တိုက်ရမည်ဖြစ်သည်လည်း မဟုတ်သလော။

သို့ရာတွင် ပြေးမည်ဆိုလျှင်လည်း ကွင်းသာရှိ၏။ ကွင်းခေါင်ခေါင်တွင်သာ ပြေးရမည်ဆိုလျှင် ကျွန်ုပ်လောက် မိုက်မဲသူ ရှိနိုင်ပါဦးမည်လော။ လိုက်သူ၏ သားကောင်ဖြစ်ဖို့မှတစ်ပါး ကျွန်ုပ်အဖို့ အခြားအလားအလာ မရှိပေ။

ကျွန်ုပ်နှင့် မလှမ်းမကမ်းတွင် တသွင်သွင် စီးဆင်းနေသော ဧရာဝတီမြစ်ရှိ၏။ နွေလရာသီဖြစ်၍ ရေမများလှပေ။ ရေစီးလည်းသာ၏။ မြစ်၏တစ်ဖက်ကမ်းတွင် စစ်ကိုင်းရှိ၏။ စစ်ကိုင်းဘက်တွင် အရပ်ရပ်အခြေအနေ အဘယ်သို့ရှိနေသည်ကိုတော့ ကျွန်ုပ်မသိ။ သို့ရာတွင် ကွေ့ရှမ်းအကြီးအကဲ နယ်မြေမဟုတ်ကြောင်းလောက်တော့ ကျွန်ုပ်တွက်ချက်ရ၏။ ထို့ကြောင့် မြင်းနှင့်အတူ ကျွန်ုပ်သည် မြစ်အတွင်းသို့ ဆင်းရ၏။ ကျွန်ုပ်၏ တောင်ဘက်တွင် မွန်တို့ရှိ၏။ မြောက်ဘက်တွင် ကွေ့ရှမ်းများရှိ၏။ မြစ်၏ အနောက်ဘက်သို့ စွန့်စားကူးပြေးရန်မှတစ်ပါး ကျွန်ုပ်အတွက် အခြားထွက်ရပ်လမ်း မရှိပေ။

*

## (၃)

နိုင်ငံတော် ပျက်စီးခဲ့ရပြီဖြစ်ရကား စစ်ကိုင်းဘက်တွင်လည်း ဝရုန်းသုန်းကား ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရ၏။ နေပြည်တော်ပျက်သောအခါ ပြည်နယ်နှင့်တိုင်းခရိုင်များသည် အဘယ်သို့ ငြိမ်သက်နိုင်ကြပါမည်နည်း။ စစ်ကိုင်းတစ်ဖက်ကမ်းတွင် အရပ်အခြေအနေသည် များစွာရှုပ်ထွေးနေ၏။ ရဟန်းရှင်လူ ပြည်သူပြည်သားများသည် ပျားပန်း

mgyoe.com

ခတ်သကဲ့သို့ ပျာယာခတ်လျက် ရှိကြ၏။ လူအများအပြားပင် အထုပ်အပိုး ကိုယ်စီကိုယ်ငှနှင့် လှုပ်လှုပ်ရှားရှား ရှိနေကြ၏။ လူတို့၏ မျက်နှာများသည် ညှိုးငယ်လျက်ရှိကြ၏။ ဘယ်သွား ဘယ်လာကာ၊ ဘာလုပ်၍ ဘာကိုင်ရမှန်း မစဉ်းစား မဝေခွဲတတ်အောင် ဖြစ်နေကြပုံပေါ်၏။

စစ်ကိုင်းဘက်သို့ ကူးမိလျှင် အင်းဝမှ မွန်တပ်များ တပ်စွဲသိမ်းပိုက်ခြင်းပြုရန်အတွက် ရောက်မလာကြသေးကြောင်း အကဲခတ်ရ၏။ ထို့ကြောင့် မိမိ၏ ဆက်ရန်ရှိသော ခရီးကို ရုတ်တရက် မဆက်နိုင်သေးဘဲ အရပ်ရပ်သတင်းအခြေအနေများကို လေ့လာရန်နှင့် အကဲခတ်စောင့်ကြည့်ရန် စစ်ကိုင်းဘက်တွင် ကျွန်ုပ်သည် ရက်သတ္တတစ်ပတ်သာသာ ခန့်မျှ ခိုကပ်ရ၏။ ဘုန်းတော်ကြီးကျောင်းတိုက်တစ်တိုက်တွင် အာဂန္တုပြုကာ ဟိုမှသည်မှ ရနိုင်သမျှသော သတင်းအစအနကို စုဆောင်းလေ့လာရ၏။ တီးခေါက်စုံစမ်းရ၏။

စစ်ကိုင်းဘက်သို့ ကျွန်ုပ်ရောက်ရှိပြီးနောက် သုံးလေးရက်ခန့် အကြာတွင် အင်းဝဘက်မှ ပြေးလာကြသူ အတော်များများ ဟိုမှာသည်မှာ တွေ့လာရ၏။ သို့ရာတွင် ကျွန်ုပ်နှင့် သိကျွမ်းကြသူများ တစ်စုံတစ်ယောက်မျှ မတွေ့ရပေ။ မည်ကဲ့သို့ပင်ဖြစ်စေ ကျွန်ုပ်စိတ်ဝင်စားသိရှိလိုသူများအကြောင်းနှင့် အင်းဝ၏ နောက်ဆုံးအခြေအနေကို ထိုစစ်ပြေးများထံ မသိမသာ စုံစမ်းထောက်လှမ်းရ၏။

နိုင်ငံတော် ဥသျှောင်ဖြစ်သော ဘုရင်မင်းမြတ်နှင့် မြန်မာလက်နက်ကိုင် တပ်များ၏ အကြီးအကဲဖြစ်သူ တပ်မင်း တောင်ငူရာဇာတို့၏ သတင်းများကို သဲသဲကွဲကွဲ ကြားလာရ၏။ ဘုရင်မင်းမြတ်ကိုသာမက တပ်မင်းကိုပါ မွန်တို့ ဖမ်းဆီးရရှိသွားကြပြီ ဆိုသောသတင်းကို ခိုင်ခိုင်မာမာ ကြားရ၏။ ထိုမျှသာမဟုတ်သေး၊ ယင်းအကြီးအကဲနှစ်ဦးတို့ကို မွန်တို့သည် ဟံသာဝတီသို့ ခေါ်ဆောင်သွားရန် စီစဉ်နေသည်ဆိုသော

mgyoe.com

mgyoe.com

သတင်းများလည်း ကြားရ၏။

ယင်းအစီအစဉ်နှင့်ပတ်သက်၍ မွန်တို့တွင် အဘယ်သို့သော ရည်ရွယ်ချက်များ ရှိလေမည်နည်း။ ထိုအကြီးအကဲနှစ်ဦးတို့အား ပြန်လည် လုယက်မည့်အရေးကို စိုးရိမ်ကြသောကြောင့်သာ ဖြစ်တန်ရာ၏။

နိုင်ငံတော်၏ အကြီးအကဲနှစ်ဦးသတင်းအပြင် မွန်တို့ထံ သစ္စာတော်ခံ၍ အမှုတော်ထမ်းကြသော မြန်မာအရာထမ်း၊ အမှုထမ်းများ၏ သတင်းကိုလည်း တစ်စတစ်စ ကြားလာရ၏။ ယခင် မြန်မာဘုရင့်တပ်မတော်မှ တပ်မှူးကြီးတစ်ဦးဖြစ်သူ ဣန္ဒဗလကျော်သူနှင့် ၎င်း၏ တပ်မှူးငယ်အချို့ မွန်တို့လက်အောက်သို့ ဝင်ကြသဖြင့် ဗလကျော်သူကို မွန်ဥပရာဇာနှင့် တလပန်းတို့က ဗညားဘွဲ့ပေးအပ်၍ သူကောင်းပြုသည် ဆို၏။ ဗညား ဣန္ဒဗလကျော်သူ၏ သတင်းနှင့်တဆက်တည်းပင် မြောက်အရပ်ရှိ ခင်ဦးစားလကျာပျံချီဘွဲ့ခံ ဦးချစ်ညိုနှင့် သူ၏ သားချင်းများ မွန်တို့ထံ သစ္စာခံရန် ကြံစည်နေသော သတင်းကိုပါ ကြားလာရ၏။ ခင်ဦးစားဦးချစ်ညိုကို စစ်ကိုင်ကို ကေတုမတီသမုတ်၍ တောင်ငူရာဇာ အုပ်ချုပ်စဉ်က ဆင့်ခေါ်စစ်ဆေးသဖြင့် ကျွန်ုပ် လူချင်းတွေ့မြင်ဖူး၏။ ထိုသူသည် လက်ရုံးကောင်းတစ်ဦးပင် ဖြစ်၏။ အဘယ်နည်း။ မြန်မာအမျိုးသားများဖြစ်ပါလျက်၊ လက်ရုံးကောင်းများလည်း ဖြစ်ကြသော ဗညားဣန္ဒဗလကျော်သူနှင့် ခင်ဦးစားလကျာပျံချီတို့သည် ဇာတိမာန်မျှလောက်ပင် မရှိကြတော့ပြီလော။

စစ်ကိုင်းဘက်တွင် ရက်သတ္တပတ်ခန့်မျှ အာဂန္တုပြုကာလေ့လာစုံစမ်းမိလျှင်ပင် နိုင်ငံတော်၏ အရပ်ရပ် သတင်းအခြေအနေများကို တော်တော်ကလေး ငုံမိခြုံမိ၏။ ဘုရင်မင်းမြတ်နှင့် တပ်မင်းတောင်ငူရာဇာတို့ကို မွန်တို့ ရမိသွားလျှင် ကျန်အင်းဝသားထဲမှ မွန်တို့ကို ပြန်လည်ခုခံတွန်းလှန်ရန် ခေါင်းဆောင်ကောင်း တစ်ဦးတစ်ယောက်မျှ မရှိတော့ပေ။
mgyoe.com

မွန်တို့လက်ဝယ်သို့ မရောက်ရှိသေးဘဲ လွတ်နေသော မြန်မာလူမျိုး အကြီးအကဲ တော်တော်များများ ရှိ၏။ ၎င်းတို့အထဲတွင် ဘုရင့်သား တော် ရွှေတောင်စား မင်းသားကြီး နော်ရထာ၊ စည်သာမင်းသားကြီး နှင့် တပ်မှူးကြီးရာဇဓိရာဇ်စသူတို့သည် ထင်ရှားသူများ ဖြစ်ကြ၏။ မင်းသားကြီး နော်ရထာနှင့် စည်သာမင်းသားကြီးတို့တွင် လက်နက်ကိုင် တပ်များ မရတတ်သော်လည်း ရွာသစ်ကြီးဘက်ရှိ ရာဇဓိရာဇ်တွင် ဆင် ၅၀၊ မြင်း ၅၀၀ နှင့် တပ်သား ၅၀၀၀ ခန့် ရှိသည်ဆို၏။ ထိုအကြီးအကဲ သုံးဦးတို့သည် အဘယ်ကြောင့် ပေါင်းစည်းညီညွတ်ခြင်း မပြုကြသ နည်း။ ပေါင်းစည်းညီညွတ်ခြင်းသည် အားဖြစ်သည် မဟုတ်သလော။

ထိုအကြီးအကဲ သုံးဦးတို့၏ အခြေအနေနှင့် အကြံအစည်များ ကို ၎င်းတို့နှင့် နီးစပ်သူများထံမှ တစ်စတစ်စ ကြားသိလာရသောအခါ ကျွန်ုပ် များစွာစိတ်အားငယ်ရ၏။ မင်းသားကြီး နော်ရထာသည် ကိုယ်စွမ်းကိုယ်စ မထုတ်ဘဲ ရှင်ဘုရင်လုပ်ချင်သူတည်း။ မရွယ်ဘဲနှင့် အမြင့်စား စော်ကဲမင်းဖြစ်ဖူးကြောင်း ပြောသံဆိုသံကြားဖူး၏။ သို့ရာတွင် ကိုယ်စွမ်းကိုယ်စမထုတ်ဘဲ ရှင်ဘုရင်ဖြစ်သူ အဘယ်မှာရှိသနည်း။ စကားပုံပြင်နှင့် ဒဏ္ဍာရီများ၌သာ ရှိရာ၏။ ထီးကျိုးစည်ပေါက်ကာ နိုင်ငံတော် ဝရုန်းသုန်းကား ဖြစ်ပွားနေချိန်မျိုးတွင် ဘုရင့်သားတော်ဖြစ်ရုံ မျှနှင့် ဦးမဆောင်ဝံ့၊ ဦးမဆောင်နိုင်သူတစ်ဦးကို အဘယ်ပြည်သူပြည် သားများက မင်းအဖြစ် တင်မြှောက်ကြပါမည်နည်း။ ရွှေတောင်စားသည် စိတ်ကူးယဉ်နေသူတစ်ဦးမျှသာ ဖြစ်၏။

ရွာသစ်ဘက်ရှိ ရာဇဓိရာဇ်သည် လက်နက်ကိုင်တပ်ရှိသူ ဖြစ်၏။ သူ၏ အင်အားမှာလည်း မသေးငယ်လှပေ။ သို့ရာတွင် ထိုတပ်မှူးကြီး သည် ရှင်ဘုရင်စော်နံနိုင်သူတစ်ဦး မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် သူသည် တိုက်ရဲ၊ အနိုင်ယူရဲသူ တစ်ဦးတစ်ယောက် မဟုတ်သောကြောင့်

mgyoe.com

mgyoe.com

ပင် ဖြစ်၏။ သူရဲဘောနည်းကြောင်သူတစ်ဦး၏ ဓားအိမ်မှ ဓားသည် အဘယ်သို့ အသုံးဝင်နိုင်သနည်း။ သံချေးတက်၍ ပျက်စီး ဖို့သာ အကြောင်းရှိ၏။

စည်သာမင်းသားကြီးမှုကား သူ့ဟာနှင့်သူ ရပ်တည်ကာ တစ်စင် ထောင်နိုင်သူ တစ်ဦးတစ်ယောက် မဟုတ်ပေ။ အုတ်ဖို၊ မတ္တရာနယ်များ ဘက်တွင် တစ်စထက်တစ်စ အစည်းအရုံး ကြီးထွားအားကောင်းနေ သော ကွေ့ရှမ်းအကြီးအကဲ ဂုဏ္ဏာအိမ်ထံ ကူးဝင်ရန် ကြံရွယ်နေသည် ဆို၏။ ကူးဝင်ချင်းကူးဝင်လျှင် မင်းသားကြီးသည် ရာဇဓိရာဇ်ထံသို့ လည်းကောင်း၊ သူနှင့်သားချင်းတော်စပ်သော မုဆိုးဖိုဘက်ရှိ ဦးအောင် ဇေယျထံသို့လည်းကောင်း ကူးဝင်သင့်၏။ သို့ရာတွင် အဘယ်သို့ စိတ် ကူးနှင့် မှန်းတော့မသိ၊ စည်သာမင်းသားကြီးသည် ဂုဏ္ဏာအိမ်ထံ ကူးဝင်ရန် ကြံရွယ်နေသည်ဆို၏။ တကယ်ဆိုတော့ မိမိတွင် အားမာန်မရှိဘဲ အား မာန်ရှိသူထံ သွားရောက်ခိုလှုံခြင်းပြု၍ကော အဘယ်သို့ အကျိုးထူး ရနိုင် ကောင်းသနည်း။ အားမာန်မရှိသူက အားမာန်ရှိသူကို အသုံးချနိုင်ကောင်း သလော။ အားကြီးသူကသာ အားနည်းသူကို အသုံးချရိုးဖြစ်သည် မဟုတ်သလော။ စည်သာမင်းသားကြီး၏ လမ်း စဉ်ကို နှစ်ခြိုက်သဖြင့် သူနှင့်အတူ ကွေ့ရှမ်းများထံ ကူးဝင်ရန် စိတ်အား ထက်သန်နေကြသော အမှုထမ်းအရာထမ်း အများအပြား ရှိနေသေး သော သတင်းများလည်း ကျွန်ုပ် ကြားသိရ၏။

*

## (၄)

မွန်တို့ သိမ်းပိုက်ခြင်း မပြုသေးသော စစ်ကိုင်းဘက် တစ်လွှား တွင် ကိုယ်စွမ်းကိုယ်စ မထုတ်ဘဲ ရှင်ဘုရင်လုပ်ချင်သူများ၊ သူတစ်ပါး

mgyoe.com

mgyoe.com


နှာခေါင်းပေါက်ဖြင့် အသက်ရှုရှုချင်သူများနှင့် တိုက်ရဲခြင်းလည်းမရှိ၊ အနိုင်ယူရဲ ခြင်းလည်း မရှိသူများ အများအပြား ကျွန်ုပ်တွေ့ရသောအခါ စိတ်ပျက်မိ၏။ မည်ကဲ့သို့ပင်ဖြစ်စေ မွန်တို့၏ လက်အောက်သို့ မဝင်ဘဲ ကိုယ့် အားကိုယ်ကိုးကာ ရပ်တည်လျက်ရှိကြသော ဦးစွန်းနှစ်ခုကားရှိ၏။ ပထမဦးစွန်းမှာ ကွေ့ရှမ်း အကြီးအကဲ ဂုဏ္ဏာအိမ်အမှူးပြုသော ဦးစွန်း ဖြစ်၏။ ကျန်ဦးစွန်းမှာမူ ဗလနန္ဒကျော်စွာဘွဲ့ရ မုဆိုးဖိုမြို့သူကြီး ဦးအောင် ဇေယျအကြီးအမှူးပြုသော မြန်မာ့ဦးစွန်းဖြစ်၏။

ယင်းသို့ ကွေ့ရှမ်းအကြီးအကဲ ဂုဏ္ဏာအိမ်၏ ဘုန်းရိပ်ကို ခိုကပ်၍ သူတို့၏ အကျိုးစီးပွားရှာဖွေရန် ကြံရွယ်နေသူ အများအပြား ရှိကြသကဲ့ သို့ ထို့ထက် ပြောက်ဘက်ကျသော မုဆိုးဖိုအရပ်မှ မြန်မာအကြီးအကဲ ဦးအောင်ဇေယျထံ ခိုဝင်၍ မြန်မာ့ဦးစွန်းကို ပြန်လည်ထူထောင်ရန် ကြံ စည်နေသူများလည်း မရှားပါးကြောင်း သတင်းများကို တစ်စတစ်စ ကြားလာရ၏။ မုဆိုးဖို ဦးအောင်ဇေယျ၏ သတင်းနှင့် အရှိန်အဝါ ဩဇာတို့သည် ကွေ့ရှမ်းအကြီးအကဲ ဂုဏ္ဏာအိမ်လောက် မကြီးကျယ်၊ မထည်ဝါလှစေကာမူ မြန်မာ့ဦးစွန်း ပြန်လည်ထူထောင်ရန် တစ်ခုတည်း ဖြစ်သော ဗဟိုချက်မဖြစ်သဖြင့် ဇာတိမာန်ရှိကြသော မြန်မာလူမျိုးမှန် သမျှ၏ အားထားရာ၊ ရုံးစုရာဖြစ်၏။ စစ်ကိုင်းဘက်တွင် ကျွန်ုပ် အာဂန္တု ပြုခဲ့ရစဉ်အတွင်း အင်းဝဘုရင်ဟောင်း၏ အမှုထမ်း၊ အရာထမ်း အများ အပြားပင် ထိုမြန်မာလူမျိုး အကြီးအကဲနှင့် ဆက်သွယ်ရန် ပြင်ဆင်လျက် ရှိကြသည်ကို သတိပြုမိ၏။ ဦးအောင်ဇေယျ ကိုယ်နှိုက်ကလည်း အစည်းအရုံး၊ အသိမ်းအသွင်းကောင်းလှသည်ဆိုသော သတင်းများ ကြားရ၏။

တကယ်ဆိုတော့ မုဆိုးဖိုမှ အကြီးအကဲ ဦးအောင်ဇေယျသည် ကျွန်ုပ်အဖို့ အဆန်းအသစ် မဟုတ်ပေ။ ငစဉ်ကိုင်တွင် တောင်ငူရာဇာ

mgyoe.com

mgyoe.com

နှင့်အတူ အမှုထမ်းခဲ့ရစဉ်ကာလပိုင်းလောက်က ထိုပုဂ္ဂိုလ်ကို ကျွန်ုပ်လူချင်း တွေ့မြင်ဖူး၏။ ခင်ဦးစား ဦးချစ်ညိုနှင့် မရှေးမနှောင်းဆိုသလိုဖြစ်သည်ထင်၏။

ငစဥ့်ကိုင်တွင် တောင်ငူရာဇာ၏ ကိုယ်ရံတော်တပ်မှူးအဖြစ်ဖြင့် ကျွန်ုပ်အမှုထမ်းခဲ့ရစဉ်က အင်းဝမြောက်ဘက်တွင် အစည်းအရုံးနှင့် အကွပ်အညှပ် ကောင်းသူများ အဖြစ်ဖြင့် သတင်းကြီးသော ပုဂ္ဂိုလ်နှစ်ဦးတို့ရှိကြ၏။ တစ်ဦးမှာ ခင်ဦးစား ဦးချစ်ညိုဖြစ်၍ ကျန်တစ်ဦးမှာ မုဆိုးဖိုအကြီးအကဲ ဦးအောင်ဇေယျပင် ဖြစ်၏။ ယင်းအကြီးအကဲနှစ်ဦးတို့သည် တစ်ဦးနှင့်တစ်ဦး ကောင်းစွာ သင့်မြတ်ခြင်း မရှိဆိုသော သတင်းများလည်း ရှိ၏။ အဘယ်အကြောင်းကြောင့် မသင့်မတင့် ဖြစ်ကြသည်ဆိုသော အကြောင်းကိုမူကား မသိရပေ။ တစ်ဦးနှင့်တစ်ဦး ဂုဏ်တုဂုဏ်ပြိုင်ဖြစ်ကြရင်းက ထိုသို့ဖြစ်ပွားလာစရာ အကြောင်းရှိသည် ထင်၏။

မုဆိုးဖိုနှင့် ခင်ဦးစား နှစ်ယောက်စလုံးပင် တောင်ငူရာဇာ၏ လက်အောက်ခံ အမှုထမ်းများ ဖြစ်ကြသဖြင့် တစ်ခါသော် တပ်မင်းသည် ထိုပုဂ္ဂိုလ်နှစ်ဦးစလုံးကို ငစဥ့်ကိုင်သို့ လာရောက်ရန် ဆင့်ခေါ်၏။ ထိုသို့ဆင့်ခေါ်ရာ၌ အကြောင်းကိစ္စ အထွေအထူးရှိ၍တော့ကား မဟုတ်ပေ။ တပ်မင်းသည် သတင်းကြီးနေသော ထိုပုဂ္ဂိုလ်များကို တွေ့ဖူးမြင်ဖူးလိုသောကြောင့်သော် လည်းကောင်း၊ အကဲခတ်လေ့လာလို၍သော် လည်းကောင်း ဖြစ်တန်ရာ၏။

ငစဥ့်ကိုင်သို့ ရှေးဦးစွာ ပေါက်ချလာသူမှာ ခင်ဦးစား ဦးချစ်ညိုဖြစ်၏။ ဦးချစ်ညိုသည် အလွန်တရာ ထွားကြိုင်းသန်မာ၍ ကိုယ်လုံးကိုယ်ပေါက် ကောင်းသူတစ်ဦးပင် ဖြစ်၏။ သို့ရာတွင် အင်္ဂါရုပ်အနေနှင့်မူကား ခန့်ညားထည်ဝါခြင်း မရှိလှပေ။ အရောင်အဆင်းလည်းမွဲ၏။ တောင်ငူရာဇာကို ဂါရဝပြုပြီးနောက် ဦးချစ်ညိုပြန်သွားသောအခါ

mgyoe.com

mgyoe.com


စေဦ့ကိုင်မှ လူများသည် ထိုပုဂ္ဂိုလ်နှင့် ပတ်သက်၍… "ပြောသလောက် လဲ မဟုတ်ပါဘူး…" ဟု မှတ်ချက်ချကြ၏။ တပ်မင်းကိုယ်တိုင်ကလည်း လက်ရုံးကောင်းသော်လည်း အင်္ဂါရုပ်ညံ့သည်ဟု ကောက်ချက်ချသံ ကြားရ၏။

သို့ရာတွင် မုဆိုးဖိုအကြီးအကဲ ရောက်ရှိလာသောအခါ တပ်မင်း နှင့်တကွ စေဦ့ကိုင်မှ လူအများအပြားပင် ထိုပုဂ္ဂိုလ်ကြီးကို များစွာ အလေးဂရုပြုကြရ၏။ ဦးအောင်ဇေယျသည် အလုံးအဖန်ကောင်းသ လောက် အင်္ဂါရုပ်ပါ ကောင်းမွန်လှသူတစ်ဦးဖြစ်၏။ ထိုသူသည် အလွန် တရာ ရဲရင့်တည်ငြိမ်သော အသွင်လည်း ဆောင်၏။ လူတစ်ဦးတစ် ယောက်ကို တော်ရုံသင့်ရုံဖြင့် အံ့သြချီးမွမ်းခဲသော တပ်မင်းကိုယ်တိုင်က "အိမ်း… ယောကျ်ားကောင်း တစ်ယောက်ပေပဲ…" ဟူ၍ပင် ထုတ်ဖော် ချီးမွမ်းသံများ ကြားခဲ့ရဖူး၏။

ထိုပုဂ္ဂိုလ်သည် လူအများက ရိုသေခန့်ညားရလောက်သော အသွင်အပြင် အမူအရာဖြင့် ကြွယ်ဝ၏။ ကျွန်ုပ်နှင့် လူချင်းတွေ့ရစဉ် က မုဆိုးဖိုနယ်၏ အကြီးအကဲသည် အသက် ၃၀ နှင့် ၃၅ နှစ်ခန့်အကြား လောက်တွင်သာ ရှိနိုင်လိမ့်ဦးမည် ထင်ရ၏။ ကျွန်ုပ်ထက် ၁၀ နှစ်သာ သာခန့် ကြီးရင့်၏။

စေဦ့ကိုင်တွင် တပ်မင်းနှင့် လူချင်းတွေ့ဆုံစကားပြောဆိုကာ ထို ပုဂ္ဂိုလ်သူ၏ အရပ်သို့ ပြန်သွားပြီးနောက် သူ၏အကြောင်း လူအများ ပြောဆိုကျန်ရစ်၏။ စည်သာမင်းသားကြီး ဦးစည်းစိမ်နှင့် မယားညီ အစ်ကိုတော်စပ်ကြောင်းမှ အစပြု၍ မြောက်ရပ်တစ်ခွင်တွင် ဆွေအား မျိုးအားကြီးမားကောင်းမွန်ရုံမျှသာမက လူတော်လူကောင်းများကို သိမ်း သွင်းစည်းရုံးရာတွင်လည်း လိမ္မာရေးခြားရှိကြောင်း သတင်းများပါ စုံ၏။

အင်းဝကို အခိုင်အခံ့ တပ်စွဲသိမ်းပိုက်ပြီးနောက် မွန်တပ်များ

mgyoe.com

mgyoe.com

စစ်ကိုင်းကို သိမ်းပိုက်ရန် တစ်ဖက်ကမ်းသို့ မကူးမီ တစ်ညတွင် ကျွန်ုပ်သည် မြင်းတစ်စီး၊ သေနတ်တစ်လက်နှင့် လရောင်ကို အားကိုးပြုကာ စစ်ကိုင်းမှ ထွက်ရ၏။ စစ်ကိုင်းဘက်တွင် မွန်တို့ကို တိုက်လှန်နိုင်သူ လူစွမ်းကောင်း တစ်ဦးတစ်ယောက်မျှ မရှိတော့ပြီ ဖြစ်ရကား သူတို့တိုက်သော သစ္စာရေကိုသောက်ကာ သူတို့လက်အောက်သို့ အသာတကြည် ဝင်ရောက်ရန်မှ တစ်ပါးအခြားနည်းလမ်းမရှိ။ တိုက်ရဲလှန်ရဲခြင်း မပြုနိုင်သူများအဖို့ သူ့ကျွန်ခံရဖို့မှတစ်ပါး အခြားနည်းလမ်းရှိသေးသလော။

မွန်တို့တိုက်လာသော သစ္စာရေကို ကျွန်ုပ် မသောက်နိုင်ပေ။ အလားတူပင် သူ၏ သံ့ပန်းနှင့် လက်အောက်ခံဘဝသို့လည်း မကျရောက်လိုပေ။ ထို့ကြောင့် ကျွန်ုပ်အတွက် အခြားနည်းလမ်းမရှိ။ နံနက်လင်းလျှင် ရောက်ရှိလာကြတော့မည်ဆိုသော မွန်တပ်မင်း၊ တပ်မှူးများနှင့် လွတ်ရာဝေးရာသို့သာ တိမ်းရှောင်ထွက်ပြေးဖို့ရှိ၏။ ထို့ကြောင့် အာဂန္တုအဖြစ်ဖြင့် ကောင်းစွာ လက်ခံထားခဲ့သော ကျောင်းတိုက်ဆရာတော်ဘုရားကို ဦးချပြီးနောက် လထွက်ချိန်တွင် ကျွန်ုပ်သည် မြင်းကုန်းနှီးပေါ်သို့ တက်ရ၏။

■

mgyoe.com

mgyoe.com

# အခန်း [ ၆ ]

## ကြမ္မာမုန်တိုင်း

### (၁)

လရောင်ကို အဖော်ပြုကာ မိမိသားချင်းပေါက်ဖော်များရှိရာ မြောက်အရပ်ဘက်သို့ စစ်ကိုင်းမှ ထွက်လာရစဥ် မွန်တို့လက်ဝယ်သို့ ကျရောက်သွားခဲ့ရပြီဖြစ်သော နိုင်ငံတော်၊ ဘုရင်မင်းမြတ်နှင့် တပ်မင်းကြီး တောင်ငူရာဇာတို့အကြောင်းကို ဦးခေါင်းထဲမှထုတ်ပစ်လိုက်နိုင်ရန် ကျွန်ုပ်သည် ကြိုးစားအားထုတ်ရ၏။ မိမိချစ်သော နိုင်ငံတော်၊ ထိုနိုင်ငံတော်၏ တံဆိပ်အမှတ်အသား ဖြစ်သော ဘုရင်မင်းမြတ်၊ ထိုနှစ်ရပ်ပေါင်းကို ထိန်းသိမ်းစောင့်ကြပ်ခြင်း ပြုရသော မြန်မာလက်နက်ကိုင် တပ်ဖွဲ့များ၏ အကြီးအကဲတို့ မွန်တို့လက်အောက်သို့ ကျရောက်သွားခဲ့ကြပြီဖြစ်သည် မဟုတ်သလော။ လွန်သွားပြီဖြစ်သဖြင့် မည်သို့မျှ ဆုပ်ကိုင်၍ မရနိုင်၊ မဖြစ်နိုင်တော့ပြီဖြစ်သော အတိတ်အတွက် ကျွန်ုပ်သည် အဘယ်အတွက် အဓိပ္ပာယ်မရှိ ပူဆွေးရဦးမည်နည်း၊ အပင်ပန်းခံကာ ငိုကြွေးမြည်တမ်းရဦးမည်နည်း။ မိမိမတတ်နိုင်သော အရေးအခင်းနှင့်

mgyoe.com

mgyoe.com


အမှုကိစ္စများကို လျစ်လျူရှုရမည်သာ ဖြစ်သည် မဟုတ်သလော။

အကာလညအချိန်ဖြစ်၍ ခရီးလမ်းတစ်လျှောက်တွင် ခရီးသွား ခရီးလာများ တစ်ယောက်တလေမျှ မတွေ့ရ။ ထီးကျိုးစည်ပေါက်ကာ နိုင်ငံတော် ဝရုန်းသုန်းကား ဖြစ်နေချိန်မျိုးတွင် အဘယ်ကုန်သည်ပွဲစားနှင့် အသည်သားတို့သည် အချိန်အခါမဟုတ် လမ်းသလားကြပါမည်နည်း။ ကျွန်ုပ် သွားလာရသော လမ်းခရီးသည် အလွန်တရာ လူပြတ်၏။

တစ်ချက်တစ်ချက်တွင် များစွာ အလှမ်းမဝေးလှသော မြစ်ပြင်မှ လေသည် ဖှေ့ယမ်းတိုက်ခတ်လာတတ်၏။ လေရူးကား မဟုတ်တော့။ မိုးနံ့မိုးသက်များပါရှိသဖြင့် တောင်လေဖြစ်တန်ရာ၏။ လေသည် ကမ်းဘေးတစ်လျှောက်ရှိ ချုံစပ်များကို တိုးမိသောအခါ လူပြတ်ကာ တိတ်ဆိတ်လျက်ရှိသော လမ်းတွင် ကဗျာရွတ်သံလိုလို၊ တေးညည်းသံလိုလို အသံထွက်လာတတ်၏။ သို့ရာတွင် အနက်မူကား မထင်။ ပျက်စီးသွားသော နိုင်ငံတော်အတွက် ငိုကြွေးမြည်တမ်းခြင်းဖြစ်သလော။ သို့တည်း မဟုတ် အသစ်တစ်ဖန် ပြန်လည်ပေါ်ထွန်းလာတော့မည့် နိုင်ငံတော် အတွက် ကောင်းချီးပေးခြင်းပင် ဖြစ်သလော။

*

## (၂)

ရွှေဇာတီကျောင်းတိုက်သို့ တပ်မင်းကို ပို့ဆောင်ပေးခဲ့ပြီးနောက် အင်းဝမြို့ပျက်ကြီးအတွင်းမှ မိမိဘာသာ တစ်ဦးကောင်းတစ်ယောက် ကောင်း ကိုယ်လွတ်ရန်းကာ ထွက်ပြေးလာရစဉ်က ကျွန်ုပ်သည် နိုင်ငံ တော်နှင့် ဘုရင်မင်းမြတ်တို့၏ ကြမ္မာများ အကြောင်းလောက်သာ စဉ်း စား၏။ သင်္ကန်းကို အကာအကွယ်ရုံ၍ မွန်တို့ကို ခုခံရှောင်တိမ်းရန် ကျန်ရစ်ခဲ့သော တပ်မင်းတောင်ငူရာဇာအတွက်လည်း ပူပန်ရ၏။ သို့ရာ

mgyoe.com

mgyoe.com


တွင် သစ္စာရေတိုက်၍ သူတို့လက်အောက်သို့ သွပ်သွင်းရန် မွန်တို့ ဝင်အုံ့ဆဲဆဲဖြစ်သော စစ်ကိုင်းမှ ထွက်လာရသောအခါ ကျွန်ုပ်၏ ဦးခေါင်းထဲ၌ နောက်ထပ်အကြောင်းအရာနှင့် အဖြစ်အပျက်အသစ်များ တော်တော်များများ ပါရှိလာကြ၏။

တပ်မင်း တောင်ငူရာဇာကို မွန်တို့ ဖမ်းဆီးရမိသွားကြပြီ ဖြစ်၏။ မြန်မာ့လက်နက်ကိုင် တပ်များ၏ စုရုံးရာနှင့် ချက်မဖြစ်သော တပ်မင်းကြီးကို မွန်တို့ ရရှိသွားသောအခါ ဒုတိယနိုင်ငံတော်သည် ပြည်ဖုံးကားချရန်မှတစ်ပါး အခြားနည်းလမ်း မရှိတော့ပေ။ မြန်မာတို့၏ လက်နက်ကိုင် တပ်ဖွဲ့များသည် ကစဥ့်ကလျားဖြစ်သွားကြပြီ ဖြစ်သည် မဟုတ်သလော။

တောင်ပိုင်းသားများဖြစ်ကြသော မွန်တို့ကို တိုက်လှန်ကာ မြန်မာနိုင်ငံတော်သစ်ကို ပြန်လည်ထူထောင်နိုင်ရန် အလားအလာကိုမူကား ကျွန်ုပ်အနေနှင့် မတွေ့မမြင်မိသေးပေ။ မွန်တို့သည် အလွန်တရာ အားမာန်တက်ကြွလျက်ရှိကြ၏။ သူတို့သည် လူမျိုးကြီးတစ်မျိုး ဖြစ်သည် မဟုတ်သလော။ မြန်မာတို့ထက် စောစီးစွာကပင် ယဥ်ကျေးဖွံ့ဖြိုးလျက်ရှိကြသော လူမျိုးကြီးတစ်မျိုးလည်း ဖြစ်၏။ သူတို့သည် မြန်မာဘုရင်များ၏ လက်အောက်တွင် နှစ်ပေါင်းများစွာ အကျဥ်းခံခဲ့ရပြီးနောက် သူတို့အားမာန်ကို သူတို့ ပြန်လည်တွေ့ရှိနေကြပြီ ဖြစ်သည် မဟုတ်သလော။ ယခင်က မွန်တို့၏ အကြီးအကဲဖြစ်သူ ရာဇာဓိရာဇ်သည် အင်းဝမြို့တော်ကို ဝိုင်းရံရုံမျှ ဝိုင်းရံ၏။ ဝင်ရောက်ခြင်း မပြုနိုင်။ သို့ရာတွင် ယခုတစ်ကြိမ်တွင်မူကား အင်းဝမြို့တော်အတွင်းသို့ ဝင်ရောက်ခြင်းပြုခဲ့ကြလေပြီ။ မြန်မာတို့ နေထိုင်ကြီးပြင်းရာ မြောက်အရပ်တလွှားကိုလည်း အပြီးအပိုင် သိမ်းသွင်းရန် ကြံရွယ်လျက်ရှိနေကြလေပြီ။

သို့ရာတွင် ဒုတိယမြန်မာနိုင်ငံတော်အပျက်တွင် ကျန်ကြွင်းရှိနေ

mgyoe.com

mgyoe.com


သေးသော မြန်မာလူမျိုးအကြီးအကဲများသည် စည်းလုံးညီညွတ်ခြင်းမရှိ။ တစ်တော တစ်ကြက်ဖ၊ တစ်နယ်တစ်မင်း ဖြစ်နေကြ၏။ အလားတူပင် ကွေ့ရှမ်းအကြီးအကဲ ဂုဏ္ဏာအိမ်သည်လည်း သူ့ကိုယ်သူ ယုံစားကာ သူ့ဟာသူ တစ်စင်ထောင်ရန် စိုင်းပြင်းလျက် ရှိ၏။

ယင်းသို့ စည်းလုံးညီညွတ်ခြင်းလည်း မရှိ၊ အားမာန်လည်းမရှိပဲ ကစဉ့်ကလျားဖြစ်နေသော မြောက်ခွင်သားများကို သိမ်းသွင်းရန် အမှုသည် မွန်တို့အတွက် ဘာမျှအပန်းကြီးသော လုပ်ငန်းတစ်ရပ် မဟုတ်တော့ပေ။ အလွန်တရာ သက်သာလွယ်ကူ၏။ ထိုအမှုသည် ကောက်သင်း ကောက်ရသော အလုပ်ထက် အဘယ်သို့ ခက်ခဲပင်ပန်းခြင်း ရှိပါဦးမည်နည်း။

မြောက်ခွင်ဘက်ရှိ မြန်မာအကြီးအကဲများအနက် ခင်ဦးစား ဦးချစ်ညိုသည် လက်ရုံးကောင်းလှသည်ဟု ကျော်စောကိတ္တိရှိ၏။ ယောက်ျားကြီးငါးယောက်မျှ ရိုက်ရသော လယ်ကွက်ကို တစ်ယောက်တည်းနှင့် ရိုက်နိုင်ရုံမျှသာမက ထန်းပင်ပျိုကို ထက်ပိုင်းပြတ်သွားအောင် လှံနှင့် ထိုးနိုင်စွမ်းရှိသူအဖြစ်ဖြင့် သတင်းကြီးသူလည်း ဖြစ်၏။ သို့ရာတွင် ထို မြန်မာအကြီးအကဲသည် သူနှင့် ရွာနီးချင်းဖြစ်သူ ဦးအောင်ဇေယျနှင့် ပုဂ္ဂိုလ်ရေး မသင့်မြတ်ရုံကာမျှနှင့် မွန်စစ်သူကြီး တလပန်းနှင့် ဆက်သွယ်လျက်ရှိလေပြီ။ ထိုအကြီးအကဲသည် အမျိုးသားရေးထက် ပုဂ္ဂိုလ်ရေးကို ရှေ့တန်းတင်သလော။

ဣန္ဒဗလကျော်သူနှင့် ရာဇမိရာဇ်တို့သည် လက်ရုံးကောင်း တပ်မှူးကြီးများ ဖြစ်ကြ၏။ တစ်ကြိမ်သောအခါက သူတို့သည် ကသည်း စစ်ကို တိုက်ခိုက်ခဲ့ကြဖူးသူများလည်း ဖြစ်ကြ၏။ မွန်တပ်များကိုလည်း တွန်းလှန်ခဲ့ကြဖူး၏။ ယခုမူ ထိုတပ်မှူးကြီးနှစ်ဦးတို့သည် အဘယ်သို့ ဖြစ်ကြသနည်း။ နန္ဒဗလကျော်သူသည် ဗညားဘွဲ့ပင်ခံယူ

mgyoe.com

mgyoe.com

ကာ မွန်ဥပရာဇာထံ ခေါင်းလျှိုးဝင်သွားခဲ့ပြီဖြစ်၏။ ရာဇဓိရာဇ်မူကား မွန်တို့ထံ အညံ့မခံသေးသော်လည်း မွန်တို့ကို ဆက်လက်ခုခံခြင်းမပြု တော့။ အခြား ခုခံမည့်သူများနှင့်လည်း ဆက်သွယ် ပေါင်းစည်းခြင်း မရှိ။ ဘက်နှစ်ဘက်ရှိသည့်အနက် မည်သည့်ဘက်မှမပါဘဲ ကြားနေ၍ ဖြစ်နိုင်ကောင်းသလော။ သူ၏ ကြားနေရေးကို နှစ်ဘက်စလုံးက ဘယ် လောက်ကြာကြာ ခွင့်ပြုကြလိမ့်မည်နည်း။

ရွှေတောင်စား မင်းသားကြီး နော်ရထာစောတစ်ပါးလည်း ရှိသေး ၏။ အင်းဝထီးမွေကို သူသည် ကောင်းစွာ ဆက်ခံနိုင်ခွင့်ရှိသူ ဘုရင် မင်းမြတ်၏ သားတော်တစ်ပါးပင် မဟုတ်သလော။ သို့ရာတွင် ထိုမင်း သားကြီးတွင် ရှိသေခန့်ညားလောက်သော လက်နက်ကိုင် တပ်ဖွဲ့မရှိ။ အခြွေအရံ အသင်းအပင်းလည်းမရှိ။ လွတ်နေရှာသော မင်းညီမင်းသား တစ်ပါးမျှသာ ဖြစ်၏။ လက်နက်ကိုင်တပ်ဖွဲ့ မရှိဘဲ ရှင်ဘုရင်လုပ်ချင်၍ ဖြစ်နိုင်သလော။

မုဆိုးဖိုအကြီးအကဲ၏ မယားညီအစ်ကိုဖြစ်သော စည်သာမင်း ကြီး ဦးစည်းစိမ်တစ်ယောက်သည်လည်း ထန်းလုံးတပ်ကာ၍ မုဆိုးဖိုကို အခိုင်အလုံလုပ်နေသော သူ၏ သားချင်းနှင့် ညီညွတ်ပေါင်းစည်းခြင်း ကား မပြု။ အဘယ့်အတွက် ကွေ့ရှမ်းအကြီးအကဲ ဂုဏ္ဏာအိမ်ထံ ပြေးဝင် ခိုလှုံရန် စိတ်ကူးနိုင်သည် မသိ။

ဦးအောင်ဇေယျမူကား လူအပြောအဆို အချိုးအမွှမ်းများ၏။ နှစ် လိုကြည်ဖြူသူနှင့် အားထားသူလည်း ပေါ၏။ တောင်ငူရာဇာကပင် ထိုသူကို စေ့စေ့စပ်စပ် ရှုကြည့်ကာ... 'အိမ်း...ယောကျ်ားကောင်းပေပဲ" ဟု ချီးမွမ်းအံ့သြခြင်း ပြုခဲ့ရသည်မဟုတ်သလော။ ထိုသူသည် အမြော် အမြင်နှင့် ပြည့်စုံသူတစ်ဦးဖြစ်ရုံသာမက အစည်းအရုံးနှင့် အသိမ်း အသွင်းပါ ကောင်းသူအဖြစ်ဖြင့် ထင်ရှား၏။ သို့ရာတွင် သူ၏ ထန်းလုံး

mgyoe.com

mgyoe.com

ကာ တပ်မှူးနှင့် အားမာန်တက်ကြွနေသော မွန်တို့ကို မုဆိုးဖို၏ အကြီး အကဲသည် တိုက်လှန်နိုင်ပါမည်လော။ အင်းဝမြို့တော်တွင် အခိုင်အခံ့ တပ်စွဲထားပြီဖြစ်သော မွန်တို့ကို မောင်းထုတ်နိုင်စွမ်း ရှိပါမည်လော။ မွန်တို့ကို တိုက်လှန်မောင်းထုတ်ခြင်း ပြုရန်အလုပ်မှာ သေးငယ်လွယ်ကူ သော အရေးအခင်းမဟုတ်။ အလွန်တရာ ကြီးလေးသော လုပ်ငန်းကြီး တစ်ရပ် ဖြစ်၏။ တော်ရုံသင့်ရုံ၊ အစည်းအရုံးကောင်းရုံ၊ အစီအမံကောင်း ရုံမျှနှင့်လောက်တော့ ဖြစ်နိုင်သည်မဟုတ်။ ယခုအခါ မြောက်အရပ် တစ်လွှားတွင် မြန်မာနှင့် ကွေ့ရှမ်းများသာ ကွဲပြားနေကြသည်မဟုတ်ဘဲ မြန်မာများအတွင်းပါ အကွဲကွဲအပြားပြား ဖြစ်နေကြသည် မဟုတ်သ လော။

*

(၃)

လထွက်ချိန်လောက်မှ အစပြုကာ စစ်ကိုင်းမှ မြင်းတစ်စီး၊ သေ နတ်တစ်လက်နှင့် မိမိသားချင်းပေါက်ဖော်များရှိရာ မြောက်အရပ်သို့ ထွက်လာရစဉ် ကျွန်ုပ်သည် မကြာမကြာ သက်ပြင်းချမိ၏။ ကျွန်ုပ်တွေ့ မြင်ကြားသိလာခဲ့ရသော နိုင်ငံတော်၏ အရပ်ရပ် အရေးအခင်းများနှင့် ပတ်သက်၍ စဉ်းစားဝံ့စရာနှင့် စဉ်းစားချင်စရာဆို၍ ဘာမျှမရှိ။ အစုစု၊ အသင်းသင်းကွဲပြားကာ ညီညွတ်ခြင်းမပြုနိုင်သော လူမျိုးတစ်မျိုးအဖို့ သူ၏လက်အောက်ခံဘဝနှင့် နေထိုင်ခြင်း ပြုရဖို့မှတစ်ပါး အခြား ဘာရှိသေးသနည်း။

နိုင်ငံတော်၊ ဘုရင်မင်းမြတ်နှင့် တပ်မင်းကြီးတို့သည် မွန်တို့လက် ဝယ်သို့ ကျရောက်သွားခဲ့ကြရပြီ ဖြစ်၏။ မြန်မာလက်နက်ကိုင်တပ်ဖွဲ့ များနှင့် အမျိုးသားများသည်လည်း တစ်စည်းတစ်လုံးတည်း မရှိကြတော့။

mgyoe.com

အစည်းစည်းပြေကာ တစ်တောတစ်ကြက်ဖ လုပ်နေကြ၏။ ထို့ကြောင့် ကျွန်ုပ်သည် နိုင်ငံတော်နှင့် ပြည်သူပြည်သားများ၏ ကြမ္မာကို မစဉ်းစားဝံ့တော့ပေ။ စဉ်းစားခြင်းလည်း မပြုလိုတော့ပေ။ သို့ရာတွင် ထိုအကြောင်းအရာများသည် ကျွန်ုပ်၏ ဦးခေါင်းထဲတွင် ကျားပိန်တွယ် တွယ်လျက်ရှိကြ၏။ ထို့ကြောင့် ထိုကျားပိန်ကို မိမိ၏ ဦးခေါင်းထဲမှ ထုတ်ပစ်လိုက်နိုင်ရန်အတွက် ကျွန်ုပ်သည် များစွာ ကြိုးစားအားထုတ်ရ၏။ လွန်သွားပြီဖြစ်သဖြင့် မည်သို့မျှ ဆုပ်ကိုင်၍မရနိုင်၊ မဖြစ်နိုင်တော့ပြီဖြစ်သော အတိတ်အတွက် ကျွန်ုပ်သည် အဘယ်အတွက် အဓိပ္ပာယ်မရှိ ပူဆွေးရဦးမည်နည်း။ အပင်ပန်းခံကာ ငိုကြွေးမြည်တမ်းရဦးမည်နည်း။

အကာလညအခါဖြစ်၍ မြောက်ခွင်ခရီးတစ်လျှောက် အလွန်တရာ လူပြတ်လျက်ရှိ၏။ သို့ရာတွင် လူပြတ်လှသော ထိုလမ်းခရီး၌ ကျွန်ုပ်သည် တစ်ယောက်တည်းသော ခရီးသွားမျှသာ ဖြစ်၏။ ထို့ကြောင့် လမ်းဘေးတစ်လျှောက်ရှိ ချုံစပ်များကို လေငြေ့ရာတွင် တစ်ခါတစ်ခါ ပေါ်ထွက်လာတတ်သော တေးကဗျာကို အဖော်ပြုရန် အားထုတ်ကြည့်မိ၏။ သို့ရာတွင် ထိုတေးကဗျာမှုကား အနက်မထင်၊ ငိုကြွေးသံလား၊ ကောင်းချီးသံလားဟူ၍ ခွဲခြားမရနိုင်ရှိ၏။

ထိုအခါ ကွက်လပ်ဖြစ်သွားပြီဖြစ်သော ကျွန်ုပ်၏ ဦးခေါင်းအတွင်းသို့ အကြောင်းအရာအသစ်များ နောက်ထပ် တိုးဝှေ့ဝင်ရောက်လာကြပြန်လေ၏။ အကြောင်းအရာအသစ်များဟူ၍သာ ဆိုရ၏။ တကယ်တော့ အသစ်စက်စက်များ မဟုတ်ပေ။ အဟောင်းသည် အသစ်တစ်ဖန်ပြန်လည် တိုးဝင်လာခြင်းမျှသာ ဖြစ်၏။ ထိုအကြောင်းအရာအဟောင်းသည်လည်း အခြားအကြောင်းတော့ မဟုတ်။ ကျွန်ုပ်၏ အကြောင်းမျှသာ ဖြစ်၏။

*

mgyoe.com

mgyoe.com

# (၄)

အင်းဝပျက်သောညက မြင်းတစ်စီး၊ သေနတ်တစ်လက်နှင့် ကိုယ်လွတ်ရုန်း၍ မိမိသားချင်းပေါက်ဖော်များရှိရာ မြောက်အရပ်သို့ ထွက်လာချိန်တွင် ကျွန်ုပ်သည် အသက်အစိတ်မျှ ကောင်းစွာ မပြည့်တတ်သေးသော လူငယ်တစ်ဦးမျှသာ ဖြစ်၏။ သို့ရာတွင် ယင်း နှစ်ပေါင်း အစိတ်ခန့်အတွင်း ကျွန်ုပ်သည် မိမိအသက်အရွယ်နှင့် မမျှအောင် အိုမင်းကြီးပြင်းခဲ့ရသူဖြစ်၏။ လူတစ်ဦးတစ်ယောက်၏ အချိန်နှင့် အခြားသူ တစ်ဦးတစ်ယောက်၏ အချိန်တို့သည် တစ်ခုတည်းသော်လည်းကောင်း၊ တူမျှခြင်းသော် လည်းကောင်း မရှိနိုင်၊ မဖြစ်နိုင်ကြပေ။ အဘယ်ကြောင့်ဆိုသော် လူတို့ မတူကြသောကြောင့် ဖြစ်၏။ တစ်ဦး၏ အတွေ့အကြုံနှင့် တစ်ဦး မတူမျှနိုင်သောကြောင့်လည်းဖြစ်၏။ ငယ်သော်လည်းမင်းသားကြီးသော်လည်း ဘူးတောင်းဆိုသော ရှေးစကားရှိသည် မဟုတ်သလော။

မူးဖျားဘက်ရှိ မိမိ၏ ချက်ကြွေရာအရပ်မှ ထွက်လာခဲ့ရစဉ်က ကျွန်ုပ်သည် ရှင်လိင်ပြန်ခါစအရွယ် သူငယ်တစ်ဦးတစ်ယောက်မျှသာ ဖြစ်၏။ ကျွန်ုပ်၏ အသက်သည် ၁၅ နှစ်သားမျှ မပြည့်တတ်သေး။ ရှင်လူထွက်ပြီးနောက် သူဆင်းရဲ သားသမီးပီပီ မိဘတို့၊ လက်ငုတ်ဖြစ်သော တောင်ယာပဲခင်းလုပ်ငန်းခွင်သို့ ဝင်ရအံ့ဆဲဆဲတွင် မိမိရပ်ရွာမှ မမျှော်လင့်ဘဲ ထွက်လာခဲ့ရခြင်း ဖြစ်၏။ ထိုသို့ အသက်ငယ်ငယ်ရွယ်ရွယ်နှင့် မိဘသားချင်းနှင့် ရပ်ရွာတို့ကို ခွဲခွာထွက်လာရခြင်း၌ ကျွန်ုပ်သည် ကိုယ့်စိတ်နှင့်ကိုယ့်ကိုယ် ထွက်လာခဲ့ခြင်းကား မဟုတ်ပေ။ ကြမ္မာလေဆောင်၍ လွင့်ထွက်လာရခြင်းမျှသာ ဖြစ်၏။

ကျွန်ုပ်၏ မိဘနှစ်ပါးတွင် ကျွန်ုပ်တစ်ယောက်တည်းသာ သားယောကျ်ားလေး ထွန်းကား၏။ ကျန် မွေးခြင်းများမှာ မိန်းကလေးများသာ ဖြစ်ရကား ကောင်းစွာ နာမကျန်းသော အဖ၏ ကိုယ်စား နွားတ

mgyoe.com

mgyoe.com

ရှည်း၊ ထွန်တုံး ထွန်တံများနှင့် ယာခင်းသို့ ဝင်အုံ့ဆဲ အချိန်တွင် မဏိပူရ အရပ်မှ ကသည်းစစ်သည် အင်ကြီးအားကြီးနှင့် ချင်းတွင်းမြစ်ကိုလွန်ကာ မူးမြစ်ဝှမ်းသို့ ရောက်ရှိလာ၏။ မြန်မာတပ်များသည် ကသည်းစစ်သည်တို့ကို တွန်းလှန်ခုခံရာတွင် တစ်ကြိမ်မက နှစ်ကြိမ်တိုင်တိုင် ပျက်ခဲ့ရပြီ။ ပထမအကြိမ် ပုန်းတကားစားနှင့် ရဟိုင်းမြင်းမှူးတို့ ဦးစီးကွပ်ကဲသော တပ်များ ထောင်းထောင်းပျက်၏။ ရဟိုင်းမြင်းမှူးပါ ကျ၏။ ဒုတိယအကြိမ်တွင် သူဌေးမြင်းမှူးကို ဗိုလ်ချုပ်ခန့်၍ အိန္ဒတုရင်နှင့် မဏိစကြာတို့ တပ်မင်းပြုသော တပ်ဖွဲ့များကို စေလွှတ်၏။ ထိုတပ်များလည်း အပျက်ကြီးပျက်ကာ ဗိုလ်ချုပ်လုပ်သူ သူဌေးမြင်းမှူးပါကျ၏။ ယင်းသို့ တစ်ကြိမ်မက နှစ်ကြိမ်တိုင်တိုင် မြန်မာတပ်များ အပျက်နာလှသောအခါ အင်းဝနေပြည်တော်မှ တတိယအကြိမ် ခုခံရန် ကြံစည်ပြန်၏။ သို့ရာတွင် တပ်သားများစု၍ မရတော့ပေ။ ထို့ကြောင့် မြောက်အရပ်တစ်လွှားရှိ ယောကျာ်းမှန်သမျှ စစ်ထဲမလိုက်မနေရဆိုကာ ဘုရင်မင်းမြတ်အမိန့်နှင့် တရကြမ်းဆွဲ၏။ ယင်းသို့ ကသည်းစစ်ကို တတိယအကြိမ် တွန်းလှန်ခုခံရန်အတွက် စစ်သားများကို ဒလကြမ်းချောဆွဲရာမှ ကျွန်ုပ်သည် ဥမမယ်စာမမြောက်မီအရွယ်က စစ်သား ဖြစ်လာခဲ့ရခြင်းဖြစ်၏။ ရပ်ရွာ၊ မိဘသားချင်းနှင့် ယာခင်းတို့ကို ပစ်ထားခဲ့ရပြီးနောက် ဘုရင့်တပ်မတော်တွင် အမှုထမ်းလာခဲ့ရခြင်းလည်း ဖြစ်၏။

တတိယ ကသည်းစစ်ပွဲတွင် နောင်သောအခါ ကိုးသိန်းသခင် ဘုရင်မင်းခေါင်ဟူ၍လည်းကောင်း၊ တောင်ငူရာဇာဟူ၍လည်းကောင်း၊ သတိုးမင်းခေါင်ဟူ၍လည်းကောင်း ဘွဲ့အမည်များ နှင်းအပ်ခြင်းခံရသော တပ်မင်းကြီး မင်းရဲကျော်ခေါင်၏တပ်တွင် တပ်သားအဖြစ် စတင် ပါဝင်တိုက်ခိုက်ရ၏။ မြန်မာတို့ဘက်မှ နှစ်ကြိမ်တိုင်တိုင် တပ်ပျက်ခဲ့ရသဖြင့် မြန်မာတပ်ကြပ်၊ တပ်သားများသည် အလွန်တရာ စိတ်ဓာတ်ကျဆင်း

mgyoe.com

mgyoe.com

လျက် ရှိကြ၏။ အခြားတစ်ဖက်တွင်မူ အောင်ပွဲများ အလီလီရရှိထား သဖြင့် များစွာ စိတ်ဓာတ်တက်ကြွလျက် ရှိပုံရ၏။

တတိယ စစ်ပွဲတွင်လည်း မြန်မာတို့ဘက်မှ အထိနာပြန်၏။ သို့ရာတွင် နေပြည်တော်မှ စစ်ထောက်စစ်ကူ မဖြည့်တင်းနိုင်သဖြင့် အားမာန်ကောင်းနေသော ကသည်းစစ်သည်များ စစ်ကိုင်းသို့ပင် ပေါက် ရောက်လာကြပြီးလျှင် အင်းဝမြို့တော်ကို ခြိမ်းခြောက်ခြင်း ပြုနိုင်ခဲ့ကြ၏။ ဘုရင်မင်းမြတ်သည် စောင်းတီးနေရာမှ များစွာ တုန်လှုပ်ချောက်ချား သွားဟန်တူ၏။ ထို့ကြောင့် တပ်မင်းကြီး မင်းရဲကျော်ခေါင်၏ လည်ပင်း ကို ဓားတင်၏။ အလျှောက်ကောင်း၍သာ ကိစ္စမချောခဲ့ရခြင်း ဖြစ်၏။ ကျွန်ုပ်သည်လည်း ကံကောင်းထောက်မ၍ ဘုရင်မင်းမြတ် မျက်တော်မူ ရာမှ ချမ်းသာရာရရှိခဲ့ခြင်း ဖြစ်၏။

■

mgyoe.com

mgyoe.com

# အခန်း [ ၇ ]

## ဒုတိယ မြန်မာနိုင်ငံတော်၏ နိဂုံး

### (၁)

ယင်းသို့ ချင်းတွင်းကို လွန်ကာ ကသည်းစစ် မြောက်အရပ်တစ်ခွင်တွင် ထောင်းထောင်းကြေအောင် ဖျက်သဖြင့် ဗဒုံ၊ မြေဒူး၊ မင်းကင်း၊ ဒီပဲယင်းနှင့် စည်သာစသော မြို့များပျက်စီး၏။ နိုင်ငံတော်၏ ယင်းကဲ့သို့သော ဘဝအခြေတွင် ကျွန်ုပ်သည် အမှုထမ်း အစုအသင်းမှ မဟုတ်ရဘဲ အသက်ငယ်ငယ်ရွယ်ရွယ်နှင့် အမှုထမ်းခဲ့ရခြင်း ဖြစ်၏။ လက်နက်ကိုင်ဆောင်၍ နိုင်ငံတော်ကို ကာကွယ်ခဲ့ရခြင်းလည်း ဖြစ်၏။ ရပ်ရွာ၊ မိဘသားချင်းနှင့် တောင်ယာပဲခင်းများကို စွန့်လွှတ်ထားပစ်ခဲ့ရပြီး တိုင်းပြည်ကာကွယ်ရေး ရေစီးကြောင်းတစ်လျှောက် ဒလိမ့်ခေါက်ကွေး မျောပါလာခဲ့ရခြင်းသာ ဖြစ်၏။

ကျွန်ုပ်၏ မင်းမှုထမ်း သက်တမ်းသည် ဆယ်နှစ်ခန့်မျှ ကြာမြင့်၏။ ထိုအမှုထမ်းကာလများအတွင်း နိုင်ငံတော်လဲပြို၍ မသွားရအောင် ကျွန်ုပ်သည် ကသည်း၊ ကွေ့ရှမ်းနှင့် မွန် လက်နက်ကိုင်တပ်များနှင့် တိုက်ပွဲပေါင်းများစွာ တိုက်ခိုက်ခြင်းပြုခဲ့ရ၏။ စစ်ပါးသော ကာလများတွင်လည်း ကိုယ်၏ သားချင်းပေါက်ဖော်များရှိရာ အရပ်သို့ တစ်ခေါက်

mgyoe.com

mgyoe.com

တစ်ခါနှင့် ခေတ္တတဖြုတ်မျှပင် ပြန်ခွင့်မရ။ နိုင်ငံတော် အကြီးအကဲများ၏ အတိုင်အပင်ခံဘဝဖြင့်လည်း အမှုထမ်းရ၏။

ကျွန်ုပ်သည် မူးချောင်းဖျား အရပ်သား ဖြစ်၏။ ကျွန်ုပ်၏ ဇာတိ အရပ်သည် အလွန်ခေါင်၍ အလွန်ဆင်းရဲသော အရပ်လည်း ဖြစ်၏။ သို့ရာတွင် နိုင်ငံတော်၏ တောင်ဘက်စွန်းဖြစ်သော မုတ္တမ၊ ဟံသာဝတီ၊ ဒဂုံ၊ သန်လျင်နှင့် ပုသိမ်စသော ပင်လယ်ဆိပ်ကမ်းမြို့ကြီးများသို့ တာဝန်ထမ်းဆောင်ရင်း ရောက်ဖူးပေါက်ဖူး၏။ မြေလတ်တစ်ခွင်ဖြစ်သော လွန်ဆေး၊ ပြည်၊ တောကြောင်၊ သရက်၊ မင်းလှ၊ မင်းပူး၊ ပုဂံနှင့် စလေ စသော အရပ်တွင်လည်း နေခဲ့ထိုင်ခဲ့ရဖူး၏။

ပြည်ထဲရေးနှင့် ပတ်သက်၍လည်း အမှုငယ် အမှုဖွဲ့များနှင့် တွေ့ကြုံရဖူးသလို ကျွန်ုပ်သည် အမှုကြီး အမှုကျယ်များနှင့်လည်း ကြုံရတွေ့ရဖူး၏။ အပျိုတော် တိတ်တခိုးလင်နေသော ကိစ္စက အစ နိုင်ငံတော် လုပ်ကြံပုန်ကန်မှုကြီးများ အထိပါ၏။ကာကွယ်ရေးနှင့် ပတ်သက်လာလျှင်လည်း မပြောပလောက်သော တိုက်ပွဲကလေးများကအစ ရောမ တိုက်ပွဲကြီးများအထိ တိုက်ဖူးခိုက်ဖူးခဲ့လှပြီ။ အလားတူပင် ပြည်ပအရေး အခင်းနှင့် သံရေးတမန်ရေး အရေးအခင်းများတွင်လည်း ကျွန်ုပ်တွေ့ဖူး ကြုံဖူး၏။ ကသည်းသံ၊ ယိုးဒယားသံနှင့် တရုတ်သံများကအစ သန်လျင် တစ်ဝိုက်တွင် သင်္ဘောတည်ရင်း ကုန်သွယ်လျက်ရှိကြသော အင်္ဂလိပ်၊ ပြင်သစ်၊ ဒတ်ချ်ကုန်သည်ကြီးငယ်များအထိ ကျွန်ုပ်ဆက်ဆံရဖူး၏။ ထို့ကြောင့်လည်း အသက်အစိတ်မျှ ကောင်းစွာ မပြည့်တတ်သေးမီ ကျွန်ုပ် သည် မိမိအသက်အရွယ်နှင့် မမျှအောင် အိုမင်းကြီးပြင်းခဲ့ရပြီဟု အထက် တွင် ဆိုခဲ့ခြင်း ဖြစ်၏။

မည်ကဲ့သို့ပင်ဖြစ်စေ ယခုအခါတွင် ရင်ကို မြေကတုတ်လုပ်၍ ကာကွယ်ပါ့မည်ဟု ကျွန်ုပ်က အဓိဋ္ဌာန်ချမှတ်ကာ သစ္စာတော်ခံထားခဲ့

mgyoe.com

mgyoe.com


သော နိုင်ငံတော်ကား မရှိတော့ပြီ။ ကုန်းကောက်၍မျှ ရစရာမရှိလောက်အောင် ပြိုကွဲပျက်စီးသွားခဲ့ရလေပြီ။ ထို့ကြောင့် ယခုအခါ ကျွန်ုပ်သည် အမှုထမ်းတစ်ဦး မဟုတ်တော့။ လူလွတ်တစ်ယောက် ဖြစ်လာ၏။ ယင်းသို့ လူလွတ် ဖြစ်လာသဖြင့် ဆယ်နှစ်ခန့်လောက်က ကျွန်ုပ် စွန့်ခွာလာခဲ့ရသော ချက်မြှုပ်ရာ အရပ်သို့ မြင်းတစ်စီး၊ သေနတ်တစ်လက်နှင့် ပြန်လာခဲ့ခြင်းမျှသာ ဖြစ်၏။

*

(၂)

ကသည်း စစ်လောက်မျှ မြန်မာတို့ နိုင်အောင် တိုက်လှန်ခြင်း မပြုနိုင်သော အချိန်သည် ဒုတိယမြန်မာနိုင်ငံတော်၏ နေဝင်ချိန်မျှသာ ဖြစ်၏။ ထိုကဲ့သို့ နိုင်ငံတော်၏ နေဝင်ချိန်တွင် ရှုံးမည့်ဘက်သို့ ကျွန်ုပ်သည် ဖွတ်အတင်းဆွဲသွင်းခြင်း ခံခဲ့ရသောသူ တစ်ဦးဖြစ်၏။ သို့ရာတွင် ကံကောင်းထောက်မသဖြင့် တည်ကြည်၍ လက်ရုံးကောင်းသော တပ်မင်းကြီး တောင်ငူရာဇာနှင့် တွေ့ဆုံခဲ့ရခြင်းဖြစ်၏။ ထိုအချိန်ကာလက တပ်မင်းသည် တောင်ငူရာဇာဘွဲ့ မခံရသေး။ မင်းရဲကျော်ခေါင် ဖြစ်၏။

ယင်းသို့ အင်းဝနေပြည်တော်ကို ကသည်းစစ်က ခြိမ်းခြောက်နေချိန်တွင် ယင်းအခြေအနေကို အခွင့်ကောင်းယူကာ နိုင်ငံတော်တဝှန်းလုံး ဆူပူလှုပ်ရှားလာ၏။ နေပြည်တော် မြောက်ဘက်ရှိ မတ္တရာနှင့် အုတ်ဖိုနယ်များမှ ကွေ့ရှမ်းများနှင့် မွန်အမျိုးသား စစ်သုံ့ပန်းများသည် အင်းဝဘုရင်၏ သစ္စာတော်ကို မခံကြတော့ဘဲ ခြားနားကြကုန်၏။ အလားတူပင် မြန်မာဘုရင်၏ ဖိစီးနှိပ်စက်မှုကို နှစ်ရှည်လများ ခံလာခဲ့ကြရသော မွန်အမျိုးသားများ၏ နာကြည်းချက်ကို အခွင့်အရေးယူကာ ဟံသာဝတီမြို့ဝန်ဦးသာအောင်သည်လည်း မွန်အကြီးအကဲများနှင့် စည်းဝေးညီညွတ်

mgyoe.com

mgyoe.com


ပြီးလျှင် အင်းဝဘုရင်ကို ထကြွပုန်ကန်၏။ တစ်ချိန်တည်းမှာပင် ယိုးဒယား က မြန်မာနိုင်ငံတောင်စွန်းရှိ ရေး၊ မြိတ်၊ ထားဝယ်နှင့် တနင်္သာရီနယ်များ ကို ဝင်ရောက်သိမ်းပိုက်၏။ ထိုအခါ ဇင်းမယ်ပြည်နယ်ဘုရင်ခံကလည်း တသီးတခြား မင်းပြု၏။

ယုံစားစရာနှင့် ကိုးစားစရာ အခြားသူတစ်ဦးတစ်ယောက်မျှ မရှိ သဖြင့် ရွှေနန်းတော်အတွင်း၌ ကဗျာစပ်၊ စောင်းတီးရင်း အချိန်ကုန်လွန် လေ့ရှိသော ဘုရင်မင်းမြတ်က ၎င်းနှင့်လည်း သားချင်းတော်စပ်သော တပ်မင်းကြီး မင်းရဲကျော်ခေါင်ကို နိုင်ငံတော်၏ အရပ်ရပ်အရေးအခင်း များကို စီမံခန့်ခွဲရန် အာဏာကုန်လွှဲ၏။ ထိုအခါ တပ်မင်း၏ သား တပည့်နှင့် လူရင်းလူယုံဖြစ်သော ကျွန်ုပ်သည် တပ်မင်းသွားလေရာသို့ အတူပါရ၏။

သို့ရာတွင် တပ်မင်းကြီး မင်းရဲကျော်ခေါင်သည် တပ်ပျက်ချိန်တွင် ဗိုလ်လုပ်ရသူတစ်ဦးမျှသာ ဖြစ်၏။ ဒုတိယမြန်မာနိုင်ငံတော်သည် ပျက် စီးခြင်းတိုင်လေပြီဖြစ်သည် မဟုတ်သလော။

ဒုတိယ မြန်မာနိုင်ငံတော်ကို စတင်ထူထောင်ခဲ့ကြသော မြန်မာ အကြီးအကဲများသည် လွန်စွာ အမြော်အမြင်နှင့် ပြည့်စုံကြသူများ ဖြစ် ၏။ ထိုခေါင်းဆောင်များသည် နိုင်ငံတော်ရှိ လူမျိုးကြီးသုံးမျိုးဖြစ်ကြ သော မွန်၊ မြန်မာနှင့် ရှမ်းတို့၏ သွေးစည်းညီညွတ်ရေး မူဝါဒများအပေါ် အုတ်မြစ်ချကာ နိုင်ငံတော်သစ်ကို ထူထောင်ခဲ့ကြခြင်း ဖြစ်သည် မဟုတ် သလော။ တပင်ရွှေထီး၊ ဘုရင့်နောင်၊ နန္ဒာဘုရင်နှင့် အနောက်ဘက်လွန် မင်းမြတ်များသည် မွန်တို့၏ ဌာနီဖြစ်သော ဟံသာဝတီတွင် အခြေစိုက် ခဲ့ကြပြီးလျှင် ရှမ်းအကြီးအကဲများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးကို ကောင်းစွာ အလေးပြုခဲ့ကြ၏။

သို့ရာတွင် သာလွန်မင်းတရားနောက်ပိုင်း တောင်ငူ၊ ညောင်ရမ်း

mgyoe.com

mgyoe.com


မင်းဆက်ဘုရင်များသည် တစ်စထက်တစ်စ ခေါင်းဆောင်မှုနှင့် အရည်အချင်း သိမ်ဖျင်းလာရုံမျှသာမက မွန်တို့နှင့် သွေးစည်းမှုမူဝါဒကို လည်းကောင်း၊ ရှမ်းတို့နှင့် ညီညွတ်ရေးမူဝါဒကိုလည်းကောင်း မခန့်မညားပြုလုပ်လာကြ၏။ မွန်နှင့် ရှမ်းလူမျိုးများအပေါ် လက်အောက်ခံ လူမျိုးများလို ဆက်ဆံလာကြ၏။ ထို့ကြောင့် ဒုတိယနိုင်ငံတော်၏ လူမျိုးကြီးသုံးမျိုးဖြစ်ခဲ့ကြသော မွန်၊ မြန်မာနှင့် ရှမ်းတို့၏ သွေးစည်းညီညွတ်ရေးသည် တစ်စတစ်စ ယိုယွင်းလာရာမှ နောက်ဆုံးတွင် အဖတ်မျှ ဆည်မရလောက်အောင် ပျက်စီးသွားခဲ့ရခြင်း ဖြစ်၏။

ဘုရင်မင်းမြတ်က တပ်မင်းကြီးမင်းရဲကျော်ခေါင်ကို ကိုးသိန်းသခင်၊ သတိုးမင်းခေါင်၊ တောင်ငူရာဇာအစရှိသော ဘွဲ့အမည်များဖြင့်သူကောင်းပြု အာဏာကုန်လွှဲအပ်ချိန်တွင် တောင်ဘက်တလွှားရှိ မွန်တို့သည် ဗညားဒလကို လည်းကောင်း၊ ကွေ့ရှမ်းများသည် ဂုဏ္ဏာအိမ်ကိုလည်းကောင်း အကြီးအကဲများအဖြစ်ဖြင့် တင်မြှောက်လျက်ရှိကြပြီ။ ဗညားဒလဦးဆောင်သော မွန်အမျိုးသားများသည် တောင်ဘက်တလွှားရှိ မြန်မာဘုရင်၏ ဘုရင်ခံ၊ မြို့ဝန်စသော အရာထမ်း၊ အမှုထမ်းများကိုရှင်းလင်းဖယ်ရှာကား မွန်မင်းဆက်အသစ်နှင့် အုပ်ချုပ်ရေးကို အခိုင်အခံ့ထူထောင်လိုက်ကြပြီဖြစ်သကဲ့သို့ အင်းဝမြောက်ဘက်ရှိ ဂုဏ္ဏာအိမ်သည်လည်း ငစဉ့်ကိုင်တစ်လွှားရှိ မြန်မာဘုရင့်တပ်မတော်များကို တွန်းလှန်တိုက်ခိုက်ကာ မြောက်ဘက်တစ်လွှားတွင် ရှမ်းမင်းဆက်နှင့် အုပ်ချုပ်ရေးသစ်ကို ထူထောင်ရန် ကြံစည်လျက်ရှိ၏။ တစ်ချိန်တည်းမှာပင် ကသည်းစစ်ကိုလည်း အဆုံးမသတ်ရသေး။ ရောဝတီမြစ်ရေချိုးရလျှင် ရောဂါဘယကင်းရှင်းကာ လာဘ်လာဘလည်း ရွှင်ပျသည်ဆိုကာ အချိန်မရွေးရေချိုးနေကြဆဲဖြစ်၏။ ကသည်းများ ရောဝတီမြစ်ရိုးတစ်လျှောက် ထင်သလိုဝင်လိုက် ထွက်လိုက် လုပ်နေကြသည်ကို မြန်မာဘုရင်သည် အ

mgyoe.com